# မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၂၃)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ ၂၃–၁၀–၂၀၂၄၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားစွာ ကျင်းပသွားမည်

## မိမိတို့နိုင်ငံသည် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု အခွင့်အရေးများ ဆုံးရှုံးမသွားစေရေး နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရသည့်အတွက် လွတ်လပ်ရေးမဆုံးရှုံးအောင် ဝိုင်းဝန်းထိန်းသိမ်း

**နေပြည်တော် အောက်တိုဘာ ၂၂**

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆပ်ကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားစွာကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်၏ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို

စာမျက်နှာ ၃ သို့ ❍

## မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်

**(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးအသင့်အတင့်ရွာပြီး၊ တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးအသင့်အတင့်ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်အဆောက်အအုံ၊ ရေရရှိရေး၊ မီးလင်းရေး၊ Smart Village စီမံကိန်း၊ စိုက်ပျိုးမွေးမြူရေးအတွက် ငွေကြေးအရင်းအနှီး မတည်ပေးသောစီမံကိန်းများ၊ အသက်မွေးဝမ်းကျောင်း သင်တန်းစီမံကိန်း အစရှိတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ သင်တန်းဆင်းများအား အရင်းအနှီးမတည်ပေးခြင်း၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့် အပြင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် လမ်း၊ တံတားများဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ချမှတ်ထားသော မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ လုပ်ငန်းများ လက်တွေ့ဆောင်ရွက်ရာမှာ လုပ်ငန်းခွင်အတွင်း ရုံးလုပ်ငန်းများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲဆောင်ရွက်တတ်စေရန်၊ လက်အောက်ဝန်ထမ်းငယ်များအပေါ် စီမံကြီးကြပ်ရာမှာ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုကောင်းမွန်လာစေရန်၊ ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုတိုးတက်မြင့်မားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက် ဦးစီးဌာနများမှ ခရိုင်ဦးစီးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ခရိုင်ဦးစီးမှူးများအနေဖြင့် အလယ်အလတ်အဆင့် အရာထမ်းများဖြစ်တဲ့အတွက် မိမိတို့ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အလွန်အရေးကြီးသော အခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်နေကြတာကို သတိပြုမှတ်သားစေလိုကြောင်း၊ စေတနာကောင်းရင် ကံကောင်းမည်ဖြစ်ကြောင်း၊ အလားတူလုပ်ငန်းများ ဆောင်ရွက်ရာမှာ ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေများနဲ့အညီ ဆောင်ရွက်ကြဖို့နဲ့ လူမှုပတ်ဝန်းကျင်အတွင်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမယ့် ကိစ္စရပ်များ၊ အဂတိလိုက်စားမှုများ မရှိစေရေး သတိပြုဆောင်ရွက်ကြဖို့ အထူးမှာကြားလိုကြောင်း၊ ယခုသင်တန်းမှာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာမှာ စီမံခန့်ခွဲရေးပညာရပ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ စစ်ဆေးကြီးကြပ်သုံးသပ်ရမည့် ကိစ္စရပ်များ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ၊ တင်ဒါဆိုင်ရာ သိသင့်သိထိုက်သည့် ကိစ္စရပ်များ စာရင်းစစ်ကန့်ကွက်ချက်များ မရှိစေရေး စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်မယ့် ကိစ္စရပ်များ၊ အဂတိကင်းစင်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များ ပို့ချပေးသွားမှာဖြစ်ကြောင်း ပြောကြားသည်။

သို့ဖြစ်ရာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များဖြင့် ဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမကဏ္ဍမှ မိုးစပါးစီမံကိန်း၊ ဆောင်းဆီထွက်သီးနှံစီမံကိန်း၊ နွေစပါးစီမံကိန်း၊ ဝါသီးနှံစိုက်ပျိုးရေးစီမံကိန်း၊ နို့စားနွားမွေးမြူရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။



## ပြင်းထန် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ဇရိပ်မွန် သီလရှင်စာသင်တိုက်နှင့် အမျိုးသမီးကလေးများစောင့်ရှောက်ရေးကျောင်းနှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့တွင် သောက်သုံးရေကန်များအတွင်း ကလိုရင်းဆေးခတ်ခြင်း၊ အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့များဖြင့် သောက်သုံးရေကန်များအတွင်း ကလိုရင်းဆေးခတ်ခြင်းများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးပြောကြားခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းနှင့် ဈေးများ၊ စာသင်တိုက်များ၊ ဘုန်းတော်ကြီးသင်ကျောင်းများသို့လည်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)



## အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မြို့နယ်စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မြန်မာနိုင်ငံစာဆိုတော်များနေ့ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင့်တင့်ရွှေနှင့် ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းနာယက ဦးကံလှ(မောင်လူလှ-ဇေယျာဦး)၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမော်စန်း(မြောက်ပြင်တော်က-ကိုရွှေမော်)နှင့် မြို့နယ်စာရေးဆရာအသင်းဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နာယက ဦးကံလှ(မောင်လူလှ-ဇေယျာဦး)က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမော်စန်း(မြောက်ပြင်တော်က-ကိုရွှေမော်)က အသင်း၏ လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းဝင်များက အသင်း၏ လုပ်ငန်းစဉ်များကို အသီးသီး အကြံပြု ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နာယက ဦးကံလှ(မောင်လူလှ-ဇေယျာဦး)က နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင် ဦးဇော်မင်း+ဒေါ်ခိုင်(လှိုင်း ၂)လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင် အောင်မြေသာစံမြို့နယ်က ငွေကျပ်ငါးသောင်း၊ ဦးဗိုလ်ဝင်း+ဒေါ်မိုးသီတာ(ပွင့်လန်းအဖြေကျော်ဆေးလုပ်ငန်း)မိသားစုက ငွေကျပ်ငါးသောင်း၊ ဦးလှဘော်(မောင်လှဘော်-မအူပင်)က ငွေကျပ်သုံးသောင်း၊ ဦးမြဝင်း(မြဝင်းဦး-မန်းတက္ကသိုလ်)က ငွေကျပ်သုံးသောင်း၊ ဦးကံလှ(မောင်လူလှ-ဇေယျာဦး)က ငွေကျပ် နှစ်သောင်း၊ ဦးတေဇ(ငွေပဒေသာပင်)ထီဆိုင်က ငွေကျပ် နှစ်သောင်း၊ ဦးမောင်မောင်(မောင်မောင်-မန်းတက္ကသိုလ်)က ငွေကျပ် နှစ်သောင်း၊ ဦးကျော်မြင့်(မောင်ကြွေးကျော်)က ငွေကျပ် နှစ်သောင်း၊ ဦးအောင်မင်းဦး(မန္တလေးနေ့စဉ်)က ငွေကျပ် နှစ်သောင်း၊ ဦးဝင်းတိုး(စီမံ)က ငွေကျပ်တစ်သောင်းနှင့် ဦးဇော်မင်းဦး(အောင်မြေသာစံ)က ငွေကျပ်တစ်သောင်းတို့ကို လှူဒါန်းရာ အသင်းနာယကနှင့် အသင်းဝင်များက လက်ခံခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## မဟာအောင်မြေမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် မဟာအောင်မြေမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းအဆင့်ရှိ ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ်နှင့် သင်္ချာဘာသာရပ်များ စွမ်းရည်မြင့်မားစေရန် ရည်ရွယ်၍ Grade(5) မှ Grade(9) အထိ အင်္ဂလိပ်စာဘာသာစွမ်းရည်ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၁၆၄ ဦးနှင့် သင်္ချာဘာသာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၇၄ ဦး၊ စုစုပေါင်း ၃၃၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့ နံနက်ပိုင်းတွင် ရေးဖြေစာမေးပွဲကျင်းပပေးပြီး နေ့လယ်ပိုင်းတွင် ရေးဖြေမှုမှိဌာန်အား ဆက်လက်ဖြေဆိုပြီး ၂၃ ရက်တွင် ပြိုင်ပွဲဝင်အားလုံး အတန်းလိုက်အဆင့် ၁ မှ ၃ အထိ ရရှိသူ ၃ ဦးအား ကျပန်းစကားပြောပြိုင်ပွဲယှဉ်ပြိုင်စေပြီးနောက် ကျပန်းစကားပြောပြိုင်ပွဲအတွက် (၃၀) မှတ်နှင့် နှုတ်ဖြေမေးခွန်းအတွက် (၂၀)မှတ် သတ်မှတ်၍ နှုတ်ဖြေမေးခွန်း(၅)ပုဒ်အား ဆက်လက်စစ်ဆေးပြီး ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား၊ ကျောင်းသူများအား တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း မဟာအောင်မြေမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

(ဝ၅၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ ရှေ့ဖုံးမှ

အမျိုးသားရေးဦးတည်ချက်(၅)ရပ် ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး၊ နိုင်ငံသူ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး၊ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး၊ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး၊ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေးတို့ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း။

**လွတ်လပ်ရေး၏အနှစ်သာရကိုပိုမိုပေါ်လွင်**

လွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသည့် ဦးတည်ချက်များသည် လွတ်လပ်ရေး၏ အနှစ်သာရကို ပိုမိုပေါ်လွင်စေကြောင်း၊ လွတ်လပ်ရေး၏ အဓိပ္ပာယ်သည် အနှောင်အဖွဲ့ကင်းလွတ်ခြင်းကို ဆိုလိုကြောင်း၊ အချုပ်အခြာအာဏာဆိုသည်မှာ လွတ်လပ်ခြင်းနှင့် မိမိကိုယ်ပိုင်စီမံဆုံးဖြတ်ခွင့်ရှိခြင်းဖြစ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံသည် လွတ်လွတ်လပ်လပ်နှင့် နိုင်ငံသားအားလုံးက ကိုယ်တိုင်စီမံ လုပ်ကိုင်ဆုံးဖြတ်နိုင်ခွင့်ရှိခြင်း၊ အနှောင်အဖွဲ့ကင်းပြီး မိမိကိုယ်တိုင် ဆုံးဖြတ်ခွင့်ရှိသော နိုင်ငံများကို အချုပ်အခြာ အာဏာပိုင်ဆိုင်သည့် နိုင်ငံများအဖြစ် သတ်မှတ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးသည် အရေးကြီးကြောင်း၊ အချို့နိုင်ငံများသည် လွတ်လပ်ကြသော်လည်း အချုပ်အခြာအာဏာပိုင်ဆိုင်မှုမရှိကြကြောင်း၊ အချို့နိုင်ငံများသည် အချုပ်အခြာအာဏာပိုင်ဆိုင်ကြသော်လည်း လွတ်လပ်မှုမရှိကြကြောင်း၊ ထိုသို့သောနိုင်ငံများကို ကမ္ဘာပေါ်တွင် တွေ့မြင်နေရကြောင်း။

**အင်အားချိန်ခွင်လျှာပျက်ယွင်းခြင်းများကို တွေ့မြင်နေရ**

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာပိုင်ဆိုင်မှု အခွင့်အရေးများကို ဆုံးရှုံးမသွားစေရေး နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရသည်ဖြစ်သည့်အတွက် လွတ်လပ်ရေးကို မဆုံးရှုံးအောင် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရန်အတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရသော်လည်း ပျက်စီးဆုံးရှုံးရန်မှာ တစ်ရက်၊ တစ်မနက်နှင့်ပင် ဆုံးရှုံးသွားနိုင်သည့် အခြေအနေများကို ကမ္ဘာ့နိုင်ငံများတွင် တွေ့မြင်ရကြောင်း၊ ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်၌ ပိုမိုတွေ့ရှိရသည်မှာ Balance of Power ဟုခေါ်သည့် အင်အားချိန်ခွင်လျှာပျက်ယွင်းခြင်းများကိုတွေ့မြင်နေရကြောင်း၊ နိုင်ငံပေါင်းစုံ စုပေါင်း၍ အစည်းအဝေးလုပ်သည့်နေရာမျိုးတွင်ပင် သူတစ်လူ ငါတစ်မင်းဖြင့် Globalization ခေါ် ကမ္ဘာ့ရွာကြီးဖွံ့ဖြိုးတိုးတက်ရန် တိုင်ပင်ဆွေးနွေးရမည့်အစား ကမ္ဘာ့ရွာကြီး ပျက်ပြားအောင် မိမိလိုရာသို့ဆွဲ၍ ရန်စကား ပြောဆိုခြင်းများဖြင့် ပြည့်နှက်နေသည်ကို တွေ့မြင်နေရကြောင်း၊ Hegemony ဗိုလ်ကျစိုးမိုးခြင်းကိစ္စရပ်များ၊ Multilateralismနှင့် Unilateralism အင်အားပြိုင်မှုကိစ္စရပ်များ၊ ငါနှင့်မတူ ငါ့ရန်သူဆို၍ ဖိအားပေးသော ကိစ္စရပ်များ၊ ငါနှင့်တူသော်လည်း ငါ့အလိုကျ ကြိုးဆွဲကနိုင်ရန်အတွက် Proxy ခေါ် ရုပ်သေးအစိုးရ ဖြစ်စေရေး ကြိုးစားမှုများကို ယနေ့ကမ္ဘာ့အရပ်ရပ်နိုင်ငံရေးဇာတ်ခုံတွင် တွေ့ရှိရကြောင်း၊ မိမိနိုင်ငံအနေဖြင့် အင်အားကြီးနိုင်ငံကြီးများအကြားတွင်ရှိပြီး တိုင်းရင်းသားပေါင်းစုံ လူမျိုးပေါင်းတစ်ရာကျော်ဖြင့် ဖွဲ့စည်းထားသည့်အတွက် သွေးခွဲပြီး ၎င်းတို့အလိုကျ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ခွင့်မရှိသည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းနေကြသည့်အတွက် အချုပ်အခြာအာဏာပိုင်ခွင့် မဆုံးရှုံးအောင် စုစည်းစွမ်းအား၊ ပေါင်းစည်းစွမ်းအားဖြင့် လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ သတိပြုနိုင်ရေးအတွက် အနှစ်သာရရှိသည့် ဦးတည်ချက်များကို နိုင်ငံတော်ဝန်ကြီးချုပ်က ရွေးချယ်ချမှတ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါဦးတည်ချက်ထဲတွင် စုစည်းမှုများ၊ စည်းလုံးမှုများကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

လွတ်လပ်ရေးနေ့အခမ်းအနားများကို ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်များဖြင့် အဓိပ္ပာယ်ပြည့်ဝစွာ နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် နှစ်စဉ်နှစ်တိုင်း ကျင်းပပေးလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည်နှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းတာဝန်များကို ဘက်စုံထောင့်စုံမှ လစ်ဟာမှုမရှိစေရန် သတိ၊ ဝီရိယအပြည့်အဝဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ စစ်ရေးပြဆပ်ကော်မတီ၊ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက လုပ်ငန်းတာဝန်များ ကြိုတင်ပြင်ဆင်ထားရှိမှုများနှင့် ကော်မတီအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွပ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွပ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆပ်ကော်မတီများအနေဖြင့် ငွေကြေးသုံးစွဲမှုများတွင် အလေအလွင့်မရှိစေရေး၊ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါရှိစေရေး၊ နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သည့်အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ပြီး လွတ်လပ်ရေးအနှစ်အရသာကို အများပြည်သူများ သိရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

❖ လွတ်လပ်ရေးနေ့အတွက် ချမှတ်ထားသည့် ဦးတည်ချက်များသည် လွတ်လပ်ရေး၏ အနှစ်သာရကို ပိုမိုပေါ်လွင်စေကြောင်း၊ လွတ်လပ်ရေး၏ အဓိပ္ပာယ်သည် အနှောင်အဖွဲ့ကင်းလွတ်ခြင်းကို ဆိုလို

❖ အချုပ်အခြာအာဏာဆိုသည်မှာ လွတ်လပ်ခြင်းနှင့် မိမိကိုယ်ပိုင်စီမံဆုံးဖြတ်ခွင့်ရှိခြင်းဖြစ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံသည် လွတ်လွတ်လပ်လပ်နှင့် နိုင်ငံသားအားလုံးက ကိုယ်တိုင်စီမံ လုပ်ကိုင်ဆုံးဖြတ်နိုင်ခွင့်ရှိခြင်း၊ အနှောင်အဖွဲ့ကင်းပြီး မိမိကိုယ်တိုင် ဆုံးဖြတ်ခွင့်ရှိသောနိုင်ငံများကို အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံများအဖြစ် သတ်မှတ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးသည် အရေးကြီး

❖ လွတ်လပ်ရေးရရန်အတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြရသော်လည်း ပျက်စီးဆုံးရှုံးရန်မှာ တစ်ရက်၊ တစ်မနက်နှင့်ပင် ဆုံးရှုံးသွားနိုင်သည့် အခြေအနေများကို ကမ္ဘာ့နိုင်ငံများတွင် တွေ့မြင်ရ၊ ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်၌ ပိုမိုတွေ့ရှိရသည်မှာ Balance of Power ဟုခေါ်သည့် အင်အားချိန်ခွင်လျှာပျက်ယွင်းခြင်းများကို တွေ့မြင်နေရ

❖ နိုင်ငံပေါင်းစုံ စုပေါင်း၍ အစည်းအဝေးလုပ်သည့်နေရာမျိုးတွင်ပင် သူတစ်လူ ငါတစ်မင်းဖြင့် Globalization ခေါ် ကမ္ဘာ့ရွာကြီးဖွံ့ဖြိုးတိုးတက်ရန် တိုင်ပင်ဆွေးနွေးရမည့်အစား ကမ္ဘာ့ရွာကြီးပျက်ပြားအောင် မိမိလိုရာသို့ဆွဲ၍ ရန်စကားပြောဆိုခြင်းများဖြင့် ပြည့်နှက်နေသည်ကို တွေ့မြင်နေရ

❖ Hegemony ဗိုလ်ကျစိုးမိုးခြင်းကိစ္စရပ်များ၊ Multilateralismနှင့် Unilateralism အင်အားပြိုင်မှုကိစ္စရပ်များ၊ ငါနှင့်မတူ ငါ့ရန်သူဆို၍ ဖိအားပေးသောကိစ္စရပ်များ၊ ငါနှင့်တူသော်လည်း ငါ့အလိုကျ ကြိုးဆွဲကနိုင်ရန်အတွက် Proxy ခေါ် ရုပ်သေးအစိုးရဖြစ်စေရေး ကြိုးစားမှုများကို ယနေ့ကမ္ဘာ့အရပ်ရပ်နိုင်ငံရေးဇာတ်ခုံတွင် တွေ့ရှိရ

# ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၅၀ / ၂၀၂၄**

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

**ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကိုကိုကျော် အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# FIFA International "A" Friendly Matches ခြေစမ်းပွဲ ယှဉ်ပြိုင်မှုကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၂

FIFA International "A" Friendly Matches ခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် တရုတ်(ဟောင်ကောင်) လက်ရွေးစင်အမျိုးသမီးအသင်းတို့သည် အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်အချိန်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channelနှင့် မြန်မာအသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လာအိုနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနများအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်များ လက်မှတ်ရေးထိုး

နေပြည်တော် အောက်တိုဘာ ၂၂

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Sonexay Siphandone အား ယနေ့နံနက်ပိုင်းတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံ၍ နှစ်နိုင်ငံ အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Sonexay Siphandone နှင့် တွေ့ဆုံဆွေးနွေးစဉ်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးဌာနများအကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်တို့အား လက်မှတ်ရေးထိုး၍ နှစ်နိုင်ငံ ကတိကဝတ်တို့ဖြင့် ပုံမှန်အလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်း ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ နယ်စပ်ဖြတ်ကျော် အလုပ်သမားများ၏ အထောက်အထား ထုတ်ပေးနိုင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်း အလုပ်သမားရေးရာနှင့်ပတ်သက်သည့် စိန်ခေါ်မှုများကို အလေးထားပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား လုပ်သားရွှေ့ပြောင်းသွားလာမှုနှင့် ပတ်သက်၍ ရေရှည်တည်တံ့ခိုင်မြဲသည့် အထောက်အကူပြုစေမည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗီယင်ကျန်းမြို့ရှိ Alpilao International Sole Limited စက်ရုံသို့ သွားရောက်၍ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် တွေ့ဆုံပြီး အလုပ်သမားများအနေဖြင့် ပြည်ပနိုင်ငံတွင် မိမိရရှိမည့် လုပ်ခလစာ၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို မိသားစုဝင်များထံသို့ တရားဝင်ဘဏ်စနစ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသည့် Remittance Business License (RBL) ရရှိသူများဖြင့်ဖြစ်စေ၊ ဘဏ်စနစ်ဖြင့်ချိတ်ဆက်ထားသော နိုင်ငံတကာ ငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဖြင့်ဖြစ်စေ တစ်လလျှင်တစ်ကြိမ် လုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်း သို့မဟုတ် အများဆုံး သုံးလလျှင်တစ်ကြိမ် သုံးလစာ စုစုပေါင်း၏ အနည်းဆုံး ၂၅ ရာခိုင်နှုန်းကို မိသားစုဝင်များထံသို့ လွှဲပြောင်းပေးပို့ရမည်ဖြစ်ကြောင်း၊ တရားမဝင်နည်းလမ်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့လာသည့်အတွက် အလုပ်သမားများအနေဖြင့် ငွေကြေးလိမ်လည်ခံရမှုများ ကြုံတွေ့ရလျက်ရှိကြောင်း၊ အလုပ်သမားများရရှိမည့် အခြေခံလုပ်ခလစာ၏ ၂၅ ရာခိုင်နှုန်းကို ပြန်လည်လွှဲပြောင်းပေးပို့စေခြင်းသည် နိုင်ငံတော်သို့ လွှဲပြောင်းပေးပို့ရခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံတွင် ကျန်ရှိသည့် မိသားစုဝင်များထံသို့သာ တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့နိုင်ခြင်းဖြစ်သည်ကို သိရှိနားလည်စေလိုကြောင်း ရှင်းလင်းပြောကြားပြီး စက်ရုံများမှ မြန်မာအလုပ်သမားများအတွက် သီတင်းကျွတ် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်


## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် - ၀၆၇ - ၄၃၁၀၆၂၊ ၀၆၇ - ၄၃၁၃၅၉၊ ၀၆၇ - ၄၃၁၀၆၇၊ ၀၆၇ - ၄၃၁၃၃၉
  သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူးကျင်းပသည့် အိန္ဒိယနိုင်ငံ၏ ဂန္ထဝင်ဘာသာစကားများ သတ်မှတ်ခြင်း အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးမြို့ အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူး ပြုလုပ်သော အိန္ဒိယနိုင်ငံရှိ Asames ဘာသာ၊ Bengali ဘာသာ၊ Pali ဘာသာ၊ Marathi ဘာသာနှင့် Prakrit ဘာသာ တို့အား အိန္ဒိယနိုင်ငံ၏ ဂန္ထဝင် ဘာသာစကားများအဖြစ် သတ်မှတ်သည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညပိုင်းက ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းရှိ Mandalay Convention Centre တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့ အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊ အိန္ဒိယကောင်စစ်ဝန်ချုပ် H.E.Mr. Sundeep Kaushal နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အိန္ဒိယကောင်စစ်ဝန်ချုပ် H.E.Mr. Sundeep Kaushal က ကြိုဆိုနှုတ်ခွန်းဆက်စကားကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က ဂုဏ်ပြုစကားကိုလည်းကောင်း ပြောကြားခဲ့သည်။

၄င်းနောက် သာသနတက္ကသိုလ်မှ ဆရာတော်ဘုရီပညာက ပါဠိဘာသာ မြန်မာနှင့် ပတ်သက်သည့် Lecture ကိုလည်းကောင်း၊ စစ်ကိုင်းတက္ကသိုလ် အရှေ့တိုင်းဘာသာဌာန၊ ဌာနမှူး ဒေါက်တာခင်မျိုးဟန်က ပါဠိဘာသာ၏ သမိုင်းကြောင်း၊ ထူးခြားမှုနှင့် ပတ်သက်သည့် အကြောင်းအရာများကို လည်းကောင်း၊ မန္တလေးတက္ကသိုလ် အရှေ့တိုင်းဘာသာဌာန၊ ဌာနမှူး ဒေါက်တာသီသီထွန်းက ပါဠိဘာသာနှင့်ပတ်သက်သည့် အကြောင်းအရာများကို လည်းကောင်း၊ School For Smart Learner ကျောင်းမှ သိပ္ပံဆရာ U Shivlal Kumar Sil က Bengali ဘာသာစကား၏သမိုင်းကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ MCTA ကျောင်းမှ ဆရာ Mahcsh Mahadev Laundhe က Marathi ဘာသာစကား၏သမိုင်းကြောင်း၊ ထူးခြားမှုများနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း ဆွေးနွေးပြောကြား၍ သက္ကတဘာသာ ပညာရှင် U Madhujo Gopal က Bengali ဘာသာစကားဖြင့် ကဗျာရွတ်ဆိုခဲ့ပြီးနောက် အိန္ဒိယကောင်စစ်ဝန် Mr.Uma Kant Sharma က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက အိန္ဒိယအစိုးရမှ ထုတ်လွှင့်သော ဂန္ထဝင်ဘာသာစကားများနှင့် ပတ်သက်၍ ပြသသည့် Video Clip နှင့် ယဉ်ကျေးမှုအက အလှများဖြင့် ဂုဏ်ပြုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**












## ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာနမှ အာမခံအလုပ်သမား၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေထုတ်ပေး




**မန္တလေး အောက်တိုဘာ ၂၂**

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ဆွေးနွေးပြောကြားပြီးနောက် ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးတွင် ထည့်ဝင်ကြေးပေးသွင်းလျက်ရှိသည့် မြန်မာ့မီးရထား စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ မဒေါင်းလှဘူတာမှ အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် သေဆုံးသွားသော အာမခံအလုပ်သမား ဦးသက်ဖြိုးခိုင်(လမ်းခွဲကိုင်)၏ ကျန်ရစ်သူ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း)ခွင့်ပြုငွေ ကျပ် ၈၁၀၀၀၀၀ ကို မြန်မာ့မီးရထားသွားလာပို့ဆောင်ရေးဌာန၊ မန်နေဂျာ(သွားလာရေး)၊ တိုင်းအမှတ်(၂)ရှာထောင်မှ ဦးရဲနိုင်အား ခွင့်ပြုထုတ်ပေးခဲ့ပြီးနောက် ၄င်းက ကျေးဇူးတင်စကားပြောကြားသည်။

လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင်မှတ်ပုံတင်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား မကျန်းမာမှု၊ မီးဖွားမှု၊ ဖခင်ဘဝဖြစ်မှု၊ နာရေးစရိတ်ထောက်ပံ့ကြေးငွေ၊ ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့်များကို ထိရောက်ပြည့်စုံစွာ ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

MANDALAY
Mandalay City Development Committee
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း မြို့တွင်းအဓိကလမ်းမကြီးများ ဘေး ဝဲ၊ ယာ သန့်ရှင်းသာယာလှပရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး အထူးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး





**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် ဌာနမှူးများ လိုက်ပါကာ ယနေ့နံနက်ပိုင်းက အပတ်စဉ် အင်္ဂါနေ့တိုင်း မြို့တွင်းအဓိကလမ်းမကြီးများ ဘေး ဝဲ၊ယာ သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် မြို့တော်စည်ပင်ဌာနများ စုပေါင်း၍ မြို့နယ်အလိုက် သတ်မှတ်နေရာအသီးသီးတွင် အထူးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်ဂေါက်ကွင်းအနီး ၇၃ လမ်းမကြီး ဘေး ဝဲ၊ယာရှိ ချုံနွယ်ပေါင်းမြက်များအား သန့်ရှင်းရေးဌာန လုပ်သားများက မြက်ဖြတ်စက်များဖြင့် ရှင်းလင်းဆောင်ရွက်နေမှု၊ လမ်းပေါ်သို့ အုပ်မိုးကျနေသည့် အပင်ကြီးများ၏ သစ်ကိုင်းများအား ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန လုပ်သားများက အမြင့်တင်ကရိန်းကား၊ သစ်ပင်ဖြတ်စက်များအသုံးပြု၍ သစ်ကိုင်းများအား အလင်းဖွင့် ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က ၇၃ လမ်း၏ လမ်းလယ်ကျွန်းတစ်လျှောက်ရှိ ပန်းအလှပင်များကို လုံးဝန်းညီညာမှုဖြစ်စေရေးနှင့် အမြင့်ပေတစ်ညီတည်းဖြစ်အောင် ဆောင်ရွက်ပေးရန် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန တာဝန်ရှိသူအား မှာကြားခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရွှေမန်းတောင်ဂေါက်ကွင်းအနီး ၇၃ လမ်းမကြီး အနောက်ဘက်ခြမ်းရှိ တက်မြှောချောင်းမကြီး၏ ရေစီးရေလာ အခြေအနေကို ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က တက်မြှောချောင်းသည် မိုးရာသီတွင် အောင်မြေသာစံမြို့နယ်အတွင်း ရပ်ကွက်များ၌ ရေကြီးရေဝပ်မှုမဖြစ်စေရေးအတွက် ရွှေကျင်ချောင်းမကြီးနှင့် ဆက်သွယ်၍ ရေများစီးဆင်းနိုင်အောင် အဓိကဆောင်ရွက်ပေးနေသည့် မြောင်းမကြီးဖြစ်သည့်အတွက် ချောင်းနံဘေး၊ ဝဲ၊ ယာတစ်လျှောက် မြေသားနံရံများ စနစ်တကျထိန်းသိမ်းရေးနှင့် ဘေး ဝဲ၊ယာ ချုံနွယ်ပေါင်းပင်၊ မြက်ပင်များအား သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်သည် ခရစ်သက္ကရာဇ် ၁၈၆၆ ခုနှစ်က ယောမင်းကြီး ဦးဘိုးလှိုင် လှူဒါန်းခဲ့သည့် ရွှေကျင်နိကာယ ယောမင်းကြီးကျောင်းတိုက်အတွင်းရှိ ယောမင်းကြီးအုတ်ကျောင်း ရှေးဟောင်းသာသနိက အဆောက်အဦအား ကြည့်ရှုလေ့လာကာ မြို့တော်ဝန်က နှစ်သက်တမ်း ၁၅၈ နှစ်ရောက်ရှိလာပြီဖြစ်၍ ရှေးဟောင်းအုတ်အင်္ဂတေ ပန်းကနုတ်လက်ရာများ မပျောက်ပျက်စေရေးနှင့် ကျောင်းဆောင်အောက်ခြေပိုင်းကွာကျနေသည့် အင်္ဂတေများအား သက်ဆိုင်ရာ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ပြန်လည်ပြုပြင်ပေးရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊ ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းပေးရန် ကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား ဖြည့်စွက်မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်၊ ၇၂ လမ်းတစ်လျှောက် လမ်း ၃၀ မှ ၃၃ လမ်းကြားရှိ ဘေး ဝဲ၊ယာ အပင်ကြီးများအား လမ်းပေါ်သို့ အုပ်မိုးကျနေသည့် သစ်ကိုင်းများ အလင်းဖွင့်ရှင်းလင်းဆောင်ရွက်နေမှုနှင့် ၇၂ လမ်းနှင့် ၇၃ လမ်းကြား၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား မင်္ဂလာဈေးမြေနေရာရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းသိမ်းဆည်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင် ပြန်လည်ကွင်းဆင်းတိုင်းတာစစ်ဆေး၍ ပြုပြင်ရမည့် နေရာအလိုက် ပုံစံထုတ်ရေးဆွဲတင်ပြရန် မှာကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

o-o-o-o-o

## မန္တလေးတိုင်းဒေသကြီးယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(အဝေးပြေး၊ မြို့တွင်း၊ ကုန်တင်/ခေါက်တို)လုပ်ငန်းကော်မတီအသစ်များထံ လုပ်ငန်းတာဝန်များ ပေးအပ်

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ(အဝေးပြေး၊ မြို့တွင်း၊ ကုန်တင်/ခေါက်တို)လုပ်ငန်းကော်မတီအသစ်များထံ လုပ်ငန်းတာဝန်များ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ(အဝေးပြေးရုံး)ရွှေမန္တလေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီ (အဝေးပြေး၊ မြို့တွင်း၊ ကုန်တင်/ခေါက်တို)တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးမှူး ဦးတင်စိုးက လုပ်ငန်းကော်မတီအသစ်များထံ လုပ်ငန်းတာဝန်များ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက တိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ(အဝေးပြေး၊ မြို့တွင်း၊ ကုန်တင်/ခေါက်တို)လုပ်ငန်းကော်မတီအသစ်ဥက္ကဋ္ဌများထံသို့ လုပ်ငန်းတာဝန်များ ပေးအပ်ခဲ့ပြီး တာဝန်လက်ခံရယူခဲ့ကြသည့် ဥက္ကဋ္ဌများက လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီးနောက် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)




o-o-o-o-o

o-o-o

## မြန်မာနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲအတွက် ပွဲကြိုသတင်းစာ ရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်းနှင့် YUSC ကွင်းတို့တွင် အောက်တိုဘာ ၂၃၊ ၂၆ ရက် ယှဉ်ပြိုင်ကစားမည့် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် ဟောင်ကောင်အမျိုးသမီးလက်ရွေးစင်အသင်းတို့၏ နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေပိုင်းက ကျင်းပခဲ့ရာ နှစ်ဖက်အသင်းမှ နည်းပြများနှင့် အားကစားသမားများ၏ ပြောစကားများကို ဖော်ပြပေးလိုက်ပါသည်။

**Jose Ricardo Rambo**

**(ဟောင်ကောင်အမျိုးသမီးလက်ရွေးစင်အသင်း နည်းပြချုပ်)**

"မြန်မာအသင်းဟာ ခြေစွမ်းကောင်းမွန်တဲ့ အသင်းဖြစ်တာကြောင့် ကျွန်တော်တို့အတွက် အကျိုးရှိစေမယ့် ခြေစမ်းပွဲဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းမှာလည်း ပြည်ပထွက်ကစားနေတဲ့ ကစားသမားအချို့ပါဝင်လာပါတယ်။ အသင်းကို တည်ဆောက်ရာမှာ အတွေ့အကြုံရှိသူရော လူငယ်ကစားသမားတွေကိုပါ ထည့်သွင်းရွေးချယ်ထားပါတယ်။ မတူညီတဲ့ ကွင်းနှစ်ကွင်းမှာ ကစားရမှာ ဖြစ်ပေမယ့် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားပါတယ်"

**Tetsuro Uki(မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း နည်းပြချုပ်)**

ဟောင်ကောင်နဲ့ တွေ့ဆုံဖူးပေမယ့် ရလဒ်ကောင်းထပ်ယူနိုင်ဖို့ သေချာပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့အသင်းဟာ ဒီနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲတွေ မရှိပေမယ့် ခြေစမ်းပွဲတွေမှာ အနိုင်ရဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ ပရိသတ်တွေ ကျေနပ်မှုရစေဖို့ ကစားသမားတွေ အကောင်းဆုံးကြိုးစားမယ်ဆိုတာ ယုံကြည်ပါတယ်။ ဟောင်ကောင်ကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေပါပြီ"ဟု ပြောသည်။ *NGB*

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Twice အဖွဲ့ 2024 MAMA Awards တွင် ဆန်ခါတင်ဝင်

ကေပေါ့ပ်ငါးဆက်မြောက် မျိုးဆက်သစ်အဖွဲ့ဝင်များကြားတွင် တွိုက်စ်အဖွဲ့ဝင်များ 2024 MAMA ဆုပေးပွဲ ဆန်ခါတင်စာရင်းတွင် ပါဝင်ထားကြ၍ ပရိသတ်ဂုဏ်ယူနေကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆန်ခါတင်စာရင်းတွင် တွိုက်စ်အဖွဲ့က အကောင်းဆုံးအမျိုးသမီးအဖွဲ့၊ နာယွန်းက အကောင်းဆုံးအမျိုးသမီးအနုပညာရှင်နှင့် အကောင်းဆုံးအကအဆိုအနုပညာရှင်စာရင်းတွင် ပါဝင်ခဲ့သည်။

တစ်နှစ်တာအယ်လ်ဘမ်ဆုကို With Youth နှင့်အပြင် ပရိသတ်ရွေးချယ်သော အမျိုးသမီးကေပေါ့ပ်အဖွဲ့အဖြစ် ဆုငါးဆု ဆန်ခါတင်စာရင်းဝင်ခဲ့ပြီး ငါးဆက်မြောက်ကေပေါ့ပ်အဖွဲ့တွင် နေရာယူထားဆဲဖြစ်၍ ပရိသတ်ဂုဏ်ယူမဆုံးဖြစ်နေကြသည်။ (SKY)






## G Dragon နှင့် နာမည်ကျော်များက Power သီချင်းကို ရေးသားထားကြ

ကေပေါ့ပ်ဘုရင် ဂျီဒရယ်ဂွန်က Ascap တွင် မှတ်ပုံတင်လိုက်သည့် Power သီချင်းတွင် နာမည်ကျော်များ ပါဝင်ရေးသားထားကြသည်ကို တွေ့ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Power သီချင်းတွင် Performance နေရာ၌ ဂျီဒရယ်ဂွန်ဟု ရေးသားထားကာ တေးရေးနေရာတွင် ဂျီဒရယ်ဂွန်နှင့်တက်ဒီဟု နာမည်ရင်းများ ရေးသားထားကြသည်။

ဂျီဒရယ်ဂွန်နှင့်တက်ဒီအပြင် တွန်မီဘာရောင်း@ဘာရောင်းသော မတ်လီ၊ ဖရန့်စတီဗင်ရောဘတ်တို့လည်း ရေးသားထားကြ၍ Power ၏အရှိန်အဝါကို ပရိသတ်မျှော်လင့်တကြီး စောင့်စားနေကြသည်။

ဂျီဒရယ်ဂွန်၏ ဂီတဖန်တီးမှုစွမ်းအားအပြင် နာမည်ကြီးများပါ ရေးသားပါဝင်ထားကြသဖြင့် Power ၏ Power ကို ရင်ခုန်နေကြသည်။ (SKY)

## စတော်ဘယ်ရီသီးပုံမှန်စားသုံးခြင်းကြောင့် ဦးနှောက်ကျန်းမာရေးကောင်းမွန်လာနိုင်မည်

စတော်ဘယ်ရီသီးတွင် ဗီတာမင်စီ၊ ဖောလစ်အက်စစ်၊ မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်နှင့် ပဋိဓာတ်ဆော်ပစ္စည်းပေါင်းများစွာ ပါဝင်ကြသည်။ သို့ဖြစ်ရာ စတော်ဘယ်ရီသီး ပုံမှန်စားသုံးပေးခြင်းဖြင့် ရင်သားကင်ဆာဆဲလ်နှင့် ခံတွင်းကင်ဆာဆဲလ်များ ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်ဟု ဆေးသိပ္ပံပညာရှင်များ လေ့လာတွေ့ရှိထားသည်။

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယား စတော်ဘယ်ရီကော်မရှင်၏ပံ့ပိုးမှုဖြင့် ဒါဗစ်မြို့ရှိ ကာလီဖိုးနီးယားတက္ကသိုလ်မှ ရိဘတ်တာဟို့လ်ဦးဆောင်သော သုတေသီများ မကြာသေးမီက တွေ့ရှိခဲ့သည့်ရလဒ်အရ စတော်ဘယ်ရီသီးပုံမှန်စားသုံးခြင်းကြောင့် ဦးနှောက်ကျန်းမာရေးကိုလည်းကောင်းမွန်လာစေနိုင်မည်ဟု ဆိုသည်။

အဆိုပါသုတေသီများသည် စတော်ဘယ်ရီသီးစားသုံးခြင်းကြောင့် နှလုံးအတွက်အကျိုးရှိစေမည်ဟု ဦးစွာလေ့လာတွေ့ရှိခဲ့ပြီးနောက် အသက်ကြီးသူများ ဦးနှောက်ကျန်းမာရေးကောင်းမွန်ကာ မှတ်ဉာဏ်ပျောက်ဆုံးမှု လျော့နည်းလာစေမည်ဟုလည်း ဆက်လက်တွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)



## BTS မှ J Hope သင်တန်းဆင်းပြီး၍ TXT က ဂုဏ်ပြုပေးထား

ဘီတီအက်စ်အဖွဲ့ဝင် ဂျင်ပြီးနောက် ဒုတိယမြောက်သင်တန်းပြီးဆုံးခဲ့သော ဂျေဟုတ်ကို အနုပညာရှင်မောင်နှမများက ကြိုဆိုခဲ့ရာ တီအိပ်စ်တီလည်း ပါဝင်ပြီး ပန်းစည်း၊ စာတိုများနှင့် ဂုဏ်ပြုပေးထားကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘီတီအက်စ်အဖွဲ့ဝင်များကိုယ်စား ဂျင်က ပန်းစည်းနှင့် လာရောက်၍ မိုက်ခရိုဖုန်းကိုင်ပေးခဲ့ကာ အနုပညာရှင်မောင်နှမများက ပန်းစည်း၊ စာတိုများရေးသားဂုဏ်ပြုရာတွင် တီအိပ်စ်တီအဖွဲ့လည်း ပါဝင်ခဲ့သည်။

ဂျေဟုတ်သည် ကိုယ်အလေးချိန်တက်လာ၍ ဝိတ်ချပြီး ဂီတလှုပ်ရှားမှုများကို အကောင်းဆုံးပုံဖော်သွားမည်ဖြစ်ကြောင်း နေ့စဉ်မှတ်တမ်းရေး၍ လိုအပ်ချက်များဖြည့်ဆည်းထားကြောင်း အသွားချင်ဆုံးခရီးမှာ လေ့ကျင့်ရေးစခန်းဖြစ်ပြီး အလုပ်လုပ်ရင်း ခရီးထွက်မည့်အကြောင်း ပြောကြားသွားခဲ့သည်။ (SKY)



## Xiao Zhan က Boucheron Carte Blanche or Bleu လက်ဝတ်ရတနာပွဲတက်ရောက်ခဲ့

တရုတ်အနုပညာရှင် ရှောင်းကျန့်သည် ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် Boucheron Carte Blanche or Bleu လက်ဝတ်ရတနာပြပွဲသို့ တက်ရောက်ခဲ့ပြီး အင်တာဗျူးတွင် သူ့အမြင်ကို ပြောကြားသွားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


အဆိုပါပွဲတွင် Boucheron က ငါးမိနစ်လောက်သာ ပွဲထဲရှိသော ရှောင်းကျန့်ကို လက်ဝတ်ရတနာငါးခုတင်ပေးခဲ့ပြီး "လှိုင်းတံပိုးရိုတ်ခတ်သံနောက်လိုက်ရင်း သံတမန်ရှောင်းကျန့်နှင့်အတူ (ဘရန်း)မိသားစု၏ အနုပညာဒီဇိုင်းအလှကို တွေ့ကြုံခံစားရန် ခရီးနှင်ကြရအောင်"ဟု ဖိတ်ကြားထားသည်။

ယင်းပွဲတွင် ရှောင်းကျန့်ကို Sohu Fashion သီးသန့်မိတ်ဆက်ပေးရန် ဖိတ်ခေါ်ထားကာ ရှောင်းကျန့်က ပြင်သစ်စကားနှင့် မိတ်ဆက်၍ ညစာစားပွဲအင်တာဗျူးတွင် လက်ဝတ်ရတနာများနှင့် လိုက်ဖက်သော ကိုယ်ခန္ဓာရရှိရန် နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းလုပ်ခဲ့ကြောင်း ပွဲအတွင်း လူအားလုံးမှာ အကောင်းမြင်စိတ်ရှိပြီး တက်ကြွနေသည်ကို တွေ့ရကြောင်း နှစ်သစ်တွင် အရာအားလုံးအဆင်ပြေချောမွေ့ပြီး ကျန်းမာရန် မျှော်လင့်ကြောင်း ပြောကြားသွားသည်။ (SKY)



## Snoop Dogg က ကလေးများအတွက် သီဆိုပေးထား

ကမ္ဘာ့ကျော်အဆိုတော် စနူးဒေါ့သည် ဂန်းစတားစတိုင်လ်နှင့် တွေ့ရသော်လည်း ချစ်စရာကောင်းစွာ သီချင်းသီဆို၍ ကလေးများအတွက် ဖန်တီးပေးထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



စနူးဒေါ့နှင့်အလုပ်တွဲလုပ်ရသည့် မစ်ချယ်ဘူဘယ်ကို သမီးဖြစ်သူက စနူးဒေါ့နှင့်တွေ့ခဲ့ပြီး သမီးအရမ်းကြိုက်တယ်ဆို၍ အံ့အားတသင့်ဖြစ်ခဲ့ကာ ခြောက်နှစ်သမီးက မူကြိုတွင် စနူးဒေါ့၏ Alexa Affirmation သီချင်းဖွင့်ခိုင်းကာ စနူးဒေါ့သီချင်းများကို ကြိုက်နှစ်သက်ခဲ့သည်ဟု ရင်ဖွင့်ပြောကြားထားသည်။

စနူးဒေါ့နှင့်သမီးကို ပေးတွေ့သည့်အခါ နှစ်ဦးသားသီချင်းအတူသီဆိုခဲ့ကြပြီး ကလေးများအတွက် စိတ်ဓာတ်မကျရန် အားမငယ်ရန် သီချင်းများစွာသီဆိုထားသည့် ချစ်စရာစနူးဒေါ့ကို တွေ့ကြရသည်။ (SKY)

## Jennie က 2 NE1 အဖွဲ့ကို အားပေးထား

ဘလက်ပင့်ခ်အဖွဲ့ဝင်ဟောင်း ဂျင်းနီက တူးအင်န်အီးဝမ်းအဖွဲ့ဝင်များကို သွားရောက်အားပေးထားပြီး ဆဲဗင်းနှင့် ဂျီဒရယ်ဂွန်တို့လည်း လာရောက်ခဲ့ကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တောင်ကိုရီးယားဂီတအနုပညာလောကတွင် အနုပညာရှင်ဖြစ်ရန် မလွယ်ကူသော ကေပေါ့ပ်များအနက် တူးအင်န်အီးဝမ်းအဖွဲ့လည်း အခက်အခဲပေါင်းစုံကျော်ဖြတ်၍ အောင်မြင်ခဲ့ရာမှ တစ်ကျော့ပြန်ဂီတနှင့် တူးအင်န်အီးဝမ်းအဖွဲ့ကို ဖျော်ဖြေခဲ့ရာတွင် ဂျင်းနီအပါအဝင် ဝိုင်ဂျီအနုပညာရှင်များ လာရောက်အားပေးထားကြသည်။



ကေပေါ့ပ်စံပြတူးအင်န်အီးဝမ်းအဖွဲ့က ယခင်ပုံစံအတိုင်း ပရိသတ်ကို ရသသစ်ပေးနိုင်ခဲ့ကာ ကေပေါ့ပ်အဖွဲ့ဝင်များစွာက လာရောက်ဂုဏ်ပြုအားပေး၍ စင်နောက်ဘက်တွင် ရင်းနှီးစွာတွေ့ဆုံခဲ့ကြရာ အစ်မများကြား ဂျင်းနီကို တွေ့ကြရပြီး ဆဲဗင်းနှင့် ဂျီဒရယ်ဂွန်တို့လည်း အတူရင်းနှီးစွာ မြင်တွေ့ခဲ့ကြရသည်။ (SKY)



ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်၌ အောက်တိုဘာ ၂၁ ရက်က ကျင်းပသော အမျိုးသားညီလာခံဖွင့်ပွဲတွင် အကျင့်ပျက်ခြစားမှု အဂတိလိုက်စားမှုများကို တိုးမြှင့်တိုက်ဖျက်သွားကြရန် ဗီယက်နမ်ကွန်မြူနစ်ပါတီအတွင်းရေးမှူးချုပ် တိုလမ် တိုက်တွန်းပြောကြားနေစဉ်။ **Mon**



## အိန္ဒိယနှင့်တရုတ် နှစ်နိုင်ငံနယ်စပ်တင်းမာမှုလျှော့ချရန် နှစ်ဖက်သံတမန်များ ညှိနှိုင်းသဘောတူညီမှုရရှိ

**ဒေလီ အောက်တိုဘာ ၂၂**

ဟိမဝန္တာတောင်တန်းဒေသနှင့် တစ်ကြောတည်းဖြစ်သော အိန္ဒိယနှင့်တရုတ် နှစ်နိုင်ငံနယ်စပ်တင်းမာမှုကို လျှော့ချရန် မကြာသေးမီက နှစ်ဖက်သံတမန်များ ညှိနှိုင်းသဘောတူညီမှုရရှိခဲ့သည်ဟု အိန္ဒိယထိပ်တန်းသံတမန် ဗီကရမ်မီဆရီက ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၂၀ ပြည့်နှစ်က တစ်ဖက်နှင့်တစ်ဖက် နယ်စပ်သို့ စစ်သည်အင်အားတိုးမြှင့်ချထားကာ ဆက်ဆံရေးတင်းမာမှု အထွတ်အထိပ်သို့ ရောက်ရှိစေခဲ့သော ဂါလ်ဝမ်ချိုင့်ဝှမ်းဒေသတွင် အဆိုပါသဘောတူညီမှုအရ ယခုအခါ နှစ်ဖက်ကင်းလှည့်သွားလာမှုကို ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ဆိုသည်။

အမှန်တကယ်ထိန်းချုပ်ရေးနယ်စပ်မျဉ်းသတ်မှတ်ကာ ထိုနယ်စပ်မျဉ်းတစ်လျှောက် ကင်းလှည့်သွားလာရာတွင် နှစ်နိုင်ငံစစ်သည်များ ခိုက်ရန်မဖြစ်ပွားစေရန် သက်ဆိုင်ရာက ကြပ်မတ်လုပ်ဆောင်သွားမည်ဟု ဆိုသည်။

ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကငါးနိုင်ငံ ဦးဆောင်ဖွဲ့စည်းထားသည့် ဘရစ်ခ်စ်အဖွဲ့အစည်း၏ ညီလာခံတက်ရောက်ရန် ရုရှားနိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ မသွားရောက်မီ အိန္ဒိယနှင့် တရုတ် နှစ်ဖက်ညှိနှိုင်းပြေလည်မှုရရှိခဲ့ခြင်းဖြစ်သည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာကြောင်း သိရသည်။

**Mon**

## ဩစတြေးလျရေတပ်အင်အား တိုးမြှင့်ရာတွင် အမေရိကန်ဒုံးလက်နက်များဝယ်ယူရန် စီစဉ်

**ကင်ဘာရာ အောက်တိုဘာ ၂၂**

ဩစတြေးလျနိုင်ငံအနေဖြင့် ရေတပ်အင်အား တိုးမြှင့်ရာတွင် အမေရိကန်ဒုံးလက်နက်များ ဝယ်ယူရန်စီစဉ်ထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်လုပ် တာလတ်ပစ်နှင့် တာဝေးပစ်ဒုံးလက်နက်များကို အမေရိကန်ဒေါ်လာသန်း ၄၇၀၀ နှင့်ညီမျှသော ဩစတြေးလျဒေါ်လာ သန်း ၇၀၀၀ ဖိုး ဝယ်ယူသွားမည်ဟု ဆိုသည်။

မိမိတို့နိုင်ငံအနေဖြင့် ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် အလွန်ရှုပ်ထွေးသော ပထဝီနိုင်ငံရေးအခြေအနေနှင့် ရင်ဆိုင်နေရပြီး ဒုံးလက်နက်နည်းပညာထွန်းကားသောခေတ်တွင် နိုင်ငံ့အကျိုးစီးပွားများကို ကာကွယ်ရန် ကမ္ဘာ့ထိပ်တန်း ဒုံးလက်နက်များရှိမှ ဖြစ်မည်ဟု အမေရိကန်ရောက် ဩစတြေးလျကာကွယ်ရေးဝန်ကြီး ပတ်ကွန်ရှိုင်းက ရှင်းလင်းပြောကြားသည်။

ဩစတြေးလျရေတပ်တွင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများလည်း အမေရိကန်နှင့် ဗြိတိန် နှစ်နိုင်ငံ၏ ပံ့ပိုးကူညီမှုဖြင့် လာမည့်နှစ်များအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အမေရိကန်သမ္မတရွေးကောက်ပွဲမစမီ နှစ်ပတ်အလို၌ ပြည်သူလူထုအမြင်မဲရလဒ် ထရမ့် နှစ်မဲသာလွန်

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အမေရိကန်သမ္မတရွေးကောက်ပွဲမစမီနှစ်ပတ်အလို၌ အောက်တိုဘာ ၂၁ ရက်တွင် ပေါ်ထွက်လာသော ပြည်သူလူထုအမြင်မဲရလဒ်အရ ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်က ၎င်း၏ပြိုင်ဘက် ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်ထက် နှစ်မဲသာလွန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



အာရပ်နွယ်ဖွား အမေရိကန်နိုင်ငံသားများနှင့်သက်ဆိုင်သော အဖွဲ့အစည်းများက အာရပ်သတင်းဝက်ဘ်ဆိုက်မှတစ်ဆင့် အဆိုပါသမ္မတလောင်းနှစ်ဦး၏ အရှေ့အလယ်ပိုင်းရေးရာမူဝါဒများအပေါ် အခြေခံသည့် မဲဆန္ဒကောက်ယူရာမှ ပေါ်ထွက်လာသောရလဒ်ပင်ဖြစ်သည်။

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခနှင့် ပတ်သက်၍ ယင်းအာရပ်နွယ်ဖွား အမေရိကန်နိုင်ငံသားများက ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်ကို ပိုမိုယုံကြည်သဘောသက်ရောက်စေသည့်ရလဒ်ဖြစ်ကြောင်း လေ့လာသူအချို့က ထောက်ပြသည်။

စင်စစ်တွင် ၎င်းကို ထောက်ခံသော မဲအရေအတွက်သည် ကာမာလာဟဲရစ်ထက် နှစ်မဲသာသာလွန်သည်ဆိုသဖြင့် မပြောပလောက်ကြောင်း ဒီမိုကရက်တစ်အင်အားစုဝင်များက ဝေဖန်ထောက်ပြသည်။

သို့သော် ယင်းနှစ်မဲကွာခြားချက်သည် အစ္စရေးဘက်၌ ရပ်တည်ပေးနေသော ဂျိုးဘိုင်ဒင်၏ ဒီမိုကရက်တစ်များအတွက် အရှုံးဖြစ်လာစေနိုင်မည်ဟုလည်း လေ့လာသူများက သတိပေးခဲ့ကြသည်။

**Mon**




## ကျူးဘားနိုင်ငံ ဟာဗားနားမြို့တော်အနှံ့အပြားတွင် အော်စကာမုန်တိုင်းကျပြီးနောက် လျှပ်စစ်မီးပြန်ရနေပြီ



**ဟာဗားနား အောက်တိုဘာ ၂၂**

ကျူးဘားနိုင်ငံ ဟာဗားနားမြို့တော်အနှံ့အပြားတွင် အော်စကာ မုန်တိုင်းကျပြီးနောက် အောက်တိုဘာ ၂၁ ရက်တွင် လျှပ်စစ်မီးပြန်ရနေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးကာ မြေပြိုမှုများ ဖြစ်ပွားရာမှ လူ ၆ ဦး သေဆုံးခဲ့ကြောင်း ကျူးဘားအစိုးရပြောခွင့်ရသူက ဆိုသည်။

မုန်တိုင်းအပြီးတွင် ပြတ်တောက်ခဲ့သော လျှပ်စစ်ဓာတ်အားလိုင်းကို ပြုပြင်ပြီးစီးသွားသဖြင့် ဟာဗားနားမြို့တော်ရှိ လူဦးရေ ၉ သန်းခန့် လျှပ်စစ်မီးပြန်သုံးနိုင်နေပြီဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ပီရူးသမ္မတဟောင်း အလက်ဂျန်းဒရိုတိုလေးဒိုး အဂတိမှု၊ ငွေကြေးခဝါချမှုဖြင့် ထောင်ဒဏ်ချမှတ်



**လီမာ အောက်တိုဘာ ၂၂**

အသက် ၇၈ နှစ်အရွယ် ပီရူးသမ္မတဟောင်း အလက်ဂျန်းဒရိုတိုလေးဒိုး အောက်တိုဘာ ၂၁ ရက်က အဂတိမှု၊ ငွေကြေးခဝါချမှုဖြင့် ထောင်ဒဏ် နှစ် ၂၀ နှင့် ၆ လ ချမှတ်ခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အာဏာရစဉ်အတွင်း အဆိုပါသမ္မတဟောင်းသည် ဘရာဇီးအခြေစိုက် အိုဒေဘရင့်ချ်ကုမ္ပဏီထံမှ လာဘ်ငွေဒေါ်လာသန်းနှင့်ချီ၍ လက်ခံရယူခဲ့သည်။

ထို့ပြင် ၎င်းရယူစုဆောင်းထားသော ငွေမည်းများကို ငွေဖြူဖြစ်အောင် ငွေကြေးခဝါချမှုလည်း ကျူးလွန်ခဲ့ကြောင်း သိရသည်။

**Mon**

## အစ္စရေးဘက်က ပြုလုပ်သည့် လေကြောင်းတိုက်ခိုက်မှု၌ ဟစ်ဇဘိုလာဘဏ္ဍာရေးအကြီးအကဲ ကျဆုံးခဲ့သည်ဟု ဆို

**ဂျေရုဆလင် အောက်တိုဘာ ၂၂**

အစ္စရေးဘက်က အောက်တိုဘာ ၂၁ ရက်တွင် ပြုလုပ်သည့် လေကြောင်းတိုက်ခိုက်မှု၌ ဟစ်ဇဘိုလာဘဏ္ဍာရေးအကြီးအကဲ မိုဟာမက်ဂျဖာဆာ ကျဆုံးခဲ့သည်ဟု အစ္စရေးတပ်မတော်ဘက်ဆိုင်ရာ ပြောခွင့်ရသူက အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယခင်အပတ်က ဂါဇာကမ်းမြောင်ဒေသတွင် ကျဆုံးခဲ့သော ဟားမတ်စ်အဖွဲ့ခေါင်းဆောင် ယာယာဆင်ဝါအတွက် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော်၌ ပြုလုပ်သည့် အောက်မေ့ဖွယ်အစီအစဉ်သို့ တက်ရောက်ရန်လာသော ကားတစ်စင်းကို အစ္စရေးဘက်က ဦးတည်တိုက်ခိုက်ခဲ့သည်။

ထိုကားပေါ်တွင် စီးနင်းလိုက်ပါလာသူ နှစ်ဦး သေဆုံးခဲ့ရာ တစ်ဦးသည် ဟစ်ဇဘိုလာဘဏ္ဍာရေးအကြီးအကဲ မိုဟာမက်ဂျဖာဆာဖြစ်ကြောင်း အစ္စရေးဘက်က အတည်ပြုကြေညာခဲ့သည်။

ဟစ်ဇဘိုလာပြောက်ကျားတို့၏နောက်ကွယ်မှ ငွေကြေးထောက်ပံ့နေသော လက်ဘနွန်နိုင်ငံရှိ ဘဏ်ကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အစ္စရေးတပ်ဖွဲ့များသည် ထိုဘဏ်၏ဦးဆောင်ကွပ်ကဲသူ မိုဟာမက်ဂျဖာဆာကိုပါ တစ်လက်စတည်းရှင်းပစ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ မေးခွန်းဖြေဆိုသူများအား ဆုလက်ဆောင် ပေးအပ်



**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေး၊ မဟာအောင်မြေ မြို့နယ် ၊ လမ်း ၄၀၊ လမ်း၈၀ နှင့် ၈၁လမ်းကြားရှိ အားမာန်ဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်းတွင် အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီခွဲက အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း (မန္တလေး)(AEDA MDY) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာအေးက အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌဦးဝင်းမြင့်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းအလုပ်အမှုဆောင်ဒေါ်သင်းသင်းဦးက "မူးယစ်သမိုင်းကြောင်းကို ရှင်းလင်းဟောပြောပြီး မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းကို အသင်းအတွင်းရေးမှူး ဦးမြင့်သန်းကလည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများ အန္တရာယ်အကြောင်းကို အသင်းတွဲဖက်အတွင်းရေးမှူးဦးသန့်ဇင်ဦးတို့က ဟောပြောကြသည်။

ဆက်လက်ပြီး တက်ရောက်လာသူ ကျောင်းသား၊ ကျောင်းသူများအား အသင်းအလုပ်အမှုဆောင် ဦးဝင်းမင်းလှိုင်၊ ဒေါ်သင်းသင်းဦးတို့က မေးခွန်းများ မေးမြန်းကြပြီး ဖြေဆိုသူများအား ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရန် သန္နိဋ္ဌာန်ချတ်ဆိုကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၇၀)**

## မိုးရွာသွန်းမှုကြောင့် ပျက်စီးသွားသော တံတားတစ်စင်းအား ပြန်လည်ပြုပြင်ဆောင်ရွက်



**မောက်မယ် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၌ လဆန်းပိုင်းက မိုးဆက်တိုက်ရွာသွန်းမှုကြောင့် နမ့်ယွမ်းချောင်းရေမြင့်တက်ပြီး ရေကြီးရေလျှံမှုဖြစ်ကာ ရပ်ကွက်များအတွင်းရှိ မြေနိမ့်ပိုင်းနေအိမ်အချို့တွင် ရေများဝင်ရောက်ခဲ့ရာ ကူညီကယ်ဆယ်ရေးများ ပြုလုပ်ခဲ့ရပြီး ကွန်ကျိုင်းရပ်ကွက်နှင့် ကွန်ဆင်ကျေးရွာ ဆက်သွယ်ထားသော တံတားသည်လည်း ရေထဲမျောပါခဲ့သဖြင့် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကွန်ကျိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ရေကြီးရေလျှံမှုတွင် ရပ်ကွက်နှင့် ကျေးရွာ ဆက်သွယ်ထားသည့် နမ့်ပိန်ချောင်းပေါ်ရှိ ရေထဲမျောပါခဲ့သည့် ကွန်ဆင်တံတားသည် အကျယ် ၁၀ ပေ၊ အရှည် ၅၀ ပေခန့်ရှိပြီး ရပ်ကွက်အတွင်း နေထိုင်သည့် လူငယ်များနှင့် ကွန်ဆင်ကျေးရွာမှ ခြံပိုင်ရှင်များက စုပေါင်းပြီး ကိုယ်အားကိုယ်ကိုး ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## ရွာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများ ရှင်းလင်း

**မြစ်သား အောက်တိုဘာ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်ရှိ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာလဆန်းက ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားပြီး ရေကြီးရေလျှံမှုနှင့် ရေလွှမ်းမိုးမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည့် မြစ်သားမြို့နယ်၊ ဘူတာရပ်ကွက်၊ ရတနာအောင်မြေဆုတောင်းပြည့်စေတီတော်ပတ်ဝန်းကျင်အတွင်း ရေဝင်ရောက်မှုကြောင့် တင်ကျန်ခဲ့သည့် ရေများ၊ ရွှံ့နွံများအားလည်းကောင်း၊ ရွှေပေါ်ကျွန်းကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွင်းရှိ ရွှံ့များနှင့် ရေများကို အောက်တိုဘာ ၂၀ရက်က နံနက်ပိုင်းမှ ညနေပိုင်းအထိ မီးသတ်စက်များ အသုံးပြု၍ ရှင်းလင်းရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**(ယာပုံ)**

**(၀၄၅)**

## ဘီးပေါက်၍ ရပ်ထားသောယာဉ်အား နောက်မှ မောင်းလာသောယာဉ်မှ တိုက်မိ

**တပ်ကုန်း အောက်တိုဘာ ၂၂**

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် ၂၄၃/၅ နှင့် ၂၄၃/၆ ကြားတွင် အောက်တိုဘာ ၂၂ ရက် နံနက် ၅ နာရီခွဲက ဘီးပေါက်၍ ရပ်ထားသော Fuso အမျိုးအစား ယာဉ်အား လားရာတူနောက်မှ မောင်းလာသော SOJEN ယာဉ်မှ ဝင်တိုက်မိခဲ့ သည်။ ဖြစ်စဉ်ကြောင့် SOJEN ယာဉ်ပေါ်ပါ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ရှစ်ဦး အနက် အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး သေဆုံးပြီး အမျိုးသား လေးဦး၊ အမျိုးသမီး ခြောက်ဦး မထိုးရိမ်ရဒဏ်ရာရသဖြင့် ဘုရားတောင် အမြန်လမ်းရဲစခန်းမှ ယာဉ်ဖြင့် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ Fuso ယာဉ်ပေါ်ပါ အမျိုးသား လေးဦး ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(၀၄၅)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ချမ်းမြသာစည်မြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**မန္တလေး အောက်တိုဘာ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၁၈ ရက် ညနေ ၄ နာရီခွဲက ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်နေ မအားဖိန်(ခ)လီဟိုဖိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၄င်းနှင့်အတူ မအားတုံ(ခ)စန်းသီရိအောင်အား တွေ့ရှိပြီး နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၁၀၀ ဂရမ်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ည ၈ နာရီ ၄၅မိနစ်က မအားတုံ(ခ)စန်းသီရိအောင် ငှားရမ်းနေထိုင်သည့် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်ရှိ ဟိုတယ်အခန်းအတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၇၀၀ ဂရမ်အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မအားဖိန်(ခ)လီဟိုဖိန်(၃၆)နှစ်နှင့် မအားတုံ(ခ)စန်းသီရိအောင်(၂၉)နှစ်တို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀



**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး ။**

## တာချီလိတ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**တာချီလိတ် အောက်တိုဘာ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၁၈ ရက် ညနေ ၅ နာရီက တာချီလိတ်မြို့နယ်၊ ပါတ်ဝုန်းကျေးရွာအနီးရှိ အိုက်ရှန်၏ လယ်တဲအား ဝင်ရောက် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၊ စိတ်ကြွဆေးပြားအကြေမှုန့် ၁ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား လည်းကောင်း၊ အောက်တိုဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီက ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့၊ ဝန်းကျောက်ရပ်ကွက်တွင် နန္ဒာကိုကို (ခ)အလီ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော အိုက်စ်(မက်သ်အဖက်တမင်း) အလေးချိန် ၂ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်ရှန်(၅၅)နှစ်နှင့် နန္ဒာကိုကို(ခ)အလီ(၃၆)နှစ်တို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀-၀



# အနောက်တိုင်းဆေးရောနှောပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း တွေ့ရှိရသော ဘီလူးငါးကောင်အမှတ်တံဆိပ် အမျိုးသား အကြောသန်အားတိုးဆေးမှုန့်နှင့် ဆာဒူးကြီးအမှတ်တံဆိပ် အမျိုးသားအကြောသန် အားတိုးဆေးမှုန့်တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါး မှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီ မဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်း၊ သတ်မှတ်ချက် (၁၀)ချက်ပြည့်စုံမှန်ကန်မှုမရှိခြင်းနှင့် ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေး Sildenafil ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ဘီလူးငါး ကောင် | အမျိုးသား အကြောသန် အားတိုး ဆေးမှုန့် | ဆေးမှုန့် | အမှတ် ၃၄၄၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |
| ၂။ | ဆာဒူးကြီး | အမျိုးသား အကြောသန် အားတိုး ဆေးမှုန့် | ဆေးမှုန့် | အမှတ် ၃၄၄၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |




Sildenafil ရောနှောသည့် ဆေးဘူးနမူနာများ

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ(၃၁)၊ (၃၂)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရေကြည်မြို့နယ် စောပြာကျေးရွာနှင့် စိမ့်ကြီးကျေးရွာရှိ ဒေသခံလူနေအိမ် ၂၀၀ နီးပါးကို နီးစပ်ရာ ကျေးရွာများသို့ ဖိအားပေးပြောင်းရွှေ့ခိုင်းလျက်ရှိကြောင်း သတင်းမှားများအား လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

ရောဝတီတိုင်း ဒေသကြီး ရေကြည်မြို့နယ် စောပြာကျေးရွာနှင့်စိမ့်ကြီးကျေးရွာရှိ ဒေသခံလူနေအိမ် ၂၀၀ နီးပါးကို နီးစပ်ရာ ကျေးရွာများသို့ ဖိအားပေး ပြောင်းရွှေ့ခိုင်းလျက်ရှိကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ များက မဟုတ်မမှန်လုပ်ကြံ ရေးသားဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ် မေးမြန်းခဲ့ရာ ကျေးရွာရှိလူနေအိမ် များ ပြောင်းရွှေ့ရန်စေခိုင်းမှု လုံးဝ မရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများမှ ပြည်သူ များ အထင်အမြင်လွဲမှားစေရန်နှင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ရှိရှိ ကောလာဟလ သတင်းအမှားများဖြင့် လှုံ့ဆော် ဝါဒ ဖြန့်ဝေရေးသားခြင်းဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အရေးယူဆောင်ရွက်

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “KO KYAW” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၂)ရပ်ကွက်နေ ကျော်လင်းထွန်း(ခ)ကျင်ဝှက်အား ညနေ ၄ နာရီ ၄၅ မိနစ်တွင် အေးသာယာနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❂ စာမျက်နှာ ၂၄ မှ

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ ထို့မှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၅ ရက် နံနက်အစောပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့နှင့် ဆာဂါကျွန်းတို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။


အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

၂၂-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၁၇:၃၀)နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ



# လှည်းယဉ်ကြော့ (ခေါ်) နွားလှည်းယဉ်နှင့် လိုက်ဖက်ညီသည့် မြန်မာတို့၏ ရိုးရာဓလေ့ ရှင်ပြုအလှူတော်ပွဲ



**မင်းဘူး အောက်တိုဘာ ၂၂**

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာအရ ပြုလုပ်ကြသော အလှူပွဲများ၏ ရှင်လောင်းလှည့်ပွဲများတွင် နွားလှည်းယဉ်သည် အလိုက်ဖက်ဆုံး ယာဉ်တစ်မျိုးဖြစ်ပြီး နွားလှည်းယဉ်ကို ရှေးအခါက လှည်းယဉ်ကြော့နှင့် ယခုခေတ်တွင် ရွှေလှည်းယဉ်ဟု ခေါ်ဆိုကြသည်။

ပွင့်လင်းရာသီဖြစ်သော သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် ကျေးလက်တောရွာဒေသများတွင် ကောက်ပဲသီးနှံများ လှိုင်လှိုင်ပေါ်နေပြီဖြစ်ရာ တောင်သူများ၏ လက်ထဲတွင် ရွှေစငွေစများရှင်နေပြီဖြစ်ပြီး ကထိန်သင်္ကန်း လှူဒါန်းခြင်းနှင့် မိမိတို့၏ရင်နှစ်သည်းခြာသားလုရတနာလေးများအား သာသနာ့ဘောင် သွတ်သွင်းခြင်းနှင့် သမီးလုရတနာလေးများအား နားသခြင်းမင်္ဂလာပွဲဟု ခေါ်ဆိုအပ်သော ရှင်ပြုနားသအလှူတော်ပွဲများ ဆင်ယင်ကျင်းပလေ့ရှိကြသည်။

ထိုသို့ မိမိတို့ဒေသ၏ ရိုးရာဓလေ့အလှူတော်ပွဲများ ဆင်ယင်ကျင်းပသည့်အခါ ဆင်၊ မြင်း၊ နွားလှည်းယဉ်၊ မော်တော်ယာဉ်များဖြင့် အလှပေါ်အယဉ်ဆင့်ကာ မြို့ပေါ်ရပ်ကွက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ လှည့်လည်၍ အိုးစည်ဗုံ၊ ဒိုးပတ်ဝိုင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပလေ့ရှိသည်။

အလှူပွဲများ လှည့်လည်နိုင်ရေးအတွက် ဆင်၊ မြင်းနှင့် မော်တော်ယာဉ် ငှားရမ်းရသည်မှာ လွယ်ကူသော်လည်း လှည်းယဉ်ကြော့(ခေါ်)ရွှေလှည်းယဉ် ငှားရသည်မှာ ခက်ခဲလှပေသည်။ နွားလှည်းယဉ်ရှားပါးမှုကြောင့် ရွာတိုင်း၊ ရွာတိုင်းတွင် သူ့အဆက်အသွယ်နဲ့သူ ရှာဖွေငှားကြရပြီး လှည်းယဉ် ဆယ့်လေးငါးစီးရဖို့ အတော်ပင် ရှာရခက်ပေသည်။

"ကျွန်တော်တို့ အညာဒေသက လှည်းယဉ်ရှာရတာ အင်မတန်ခက်တယ်ဗျ။ အလှူပွဲများမှာ ငှားရမ်းဖို့ ရွှေလှည်းယဉ်အသင်း၊ အဖွဲ့တွေ တည်ထောင်ထားရင်တော့ ငှားရတာလွယ်ကူတာပေါ့ဗျာ။ ငှားရမ်းခတော့ လှည်းတစ်စီးကို ငွေကျပ် ၂၀၀၀၀၊ ၂၅၀၀၀ ပေးရတာပါ။ ဒါပေမဲ့ တစ်ရွာကို လှည်းတစ်စီး၊ နှစ်စီးလောက်သာရတော့ လှည်းယဉ် ဆယ်စီး၊ ဆယ့်ငါးစီးရဖို့က အတော်လေးခက်ခဲတာပါ။ ဒါပေမဲ့ရိုးရာဓလေ့ကို ဖော်ညွှန်းပြသတဲ့ပွဲဆိုတော့ ဖြစ်အောင်တော့ လုပ်ရတာပေါ့ဗျာ" ဟု မင်းဘူးမြို့ ချမ်းသာကြီးလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးသက်ထွန်းက ပြောသည်။

အလှူပွဲ အဝင်နေ့တွင် ဆင်၊ မြင်း၊ လှည်းယဉ်၊ မော်တော်ယာဉ်များဖြင့် လှည့်လည်ကာ မြတ်စွာဘုရားရှင်ရုပ်ပွားတော်အား ပင့်ဆောင်လာသည့် မော်တော်ယာဉ်သည် ရှေ့ဆုံးမှ ထွက်ခွာလာကာ နောက်မှ မောင်ရှင်လောင်းများ တင်ဆောင်လာသည့် ဆင်၊ မြင်း၊ နွားလှည်းယဉ်များနှင့် မောင်ရှင်လောင်းမိဘ အလှူဒါယကာ၊ အလှူဒါယိကာမများက သင်္ကန်းပရိက္ခရာများပိုက်ကာ ရပ်ထဲ၊ ရွာထဲမှ လုပျိုဖြူလေးများက ကွမ်းတောင်၊ ပန်းတောင်များ ကိုင်ဆောင်ပြီး အိုးစည်၊ ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည့် ရိုးရာဓလေ့ပွဲတော်ဖြစ်ပြီး ယနေ့ထက်တိုင် လှည်းယဉ်ကြော့(ခေါ်) ရွှေလှည်းယဉ်များဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကို ထိန်းသိမ်းပြီး မြတ်နိုးစွာ ကျင်းပလေ့ရှိကြသည်။

(အပေါ်ဝဲပုံ)

ဝင်းနိုင်

* - * - * - * - *



# ပြည်သူများသက်သာသောနှုန်းဖြင့်ဝယ်ယူနိုင်ရန် စားသုံးဆီများ ရောင်းချပေး

**ကန့်ဘလူ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့တွင် စားသုံးဆီ ၅၀ ကျပ်သား ၃၈၂၅ ကျပ်ဖြင့် ရောင်းချပေးနေသည်။

ပြည်သူများအား သက်သာသောနှုန်းဖြင့် ဝယ်ယူနိုင်စေရန် လူတစ်ဦးလျှင် စားသုံးဆီ ၅၀ ကျပ်သားကို ၃၈၂၅ ကျပ်ဖြင့် ပြည်သူများ လက်ဝယ်အရောက် ရောင်းချပေးခြင်း ဖြစ်သည်။

အောက်တိုဘာလအတွင်း ကန့်ဘလူမြို့၊ အမှတ်(၁)ရပ်ကွက်နှင့်အမှတ်(၅)ရပ်ကွက်တို့တွင် ရောင်းချပေးခဲ့ပြီး ကျန်ရပ်ကွက်များတွင်လည်း ဆက်လက်ရောင်းချပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု ကန့်ဘလူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် ကန့်ဘလူမြို့ ရပ်ကွက်နေပြည်သူများအား စားအုန်းဆီများကို ပြင်ပပေါက်ဈေးထက် လျှော့ချရောင်းပေးနေခြင်း ဖြစ်သည်။

စားအုန်းဆီများကို ကန့်ဘလူမြို့နယ် ဌာနဆိုင်ရာများနှင့် ဆီလုပ်ငန်းရှင်များပူးပေါင်းကာ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ကန့်ဘလူမြို့အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ကျွန်းရွှေဝါလမ်းဘေး၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၃၉၄)

# ကျေးရွာအဝင်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ညောင်ဦး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တောင်ခွင်ကျေးရွာ၌ ကျေးရွာအဝင်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျဝင်း၊ ညောင်ဦးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအေးလွင်၊ ညောင်ဦးမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ကလျာစိုးနှင့် တာဝန်ရှိသူများက တောင်ခွင်ကျေးရွာ၌ ကျေးရွာအဝင်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျဝင်းကလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

တောင်ခွင်ကျေးရွာ၌ ကျေးရွာအဝင်လမ်းအရှည် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မရှိ ကတ္တရာခင်းခြင်း လုပ်ငန်းကို ပုဂံရွှေမြေကုမ္ပဏီက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၁၃၁ ဒသမ ၈၃ သန်းအသုံးပြု၍ ၂၀၂၄ ခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာအဝင်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းပြီးစီးပါက တောင်ခွင်ကျေးရွာအပြင် အနီးပတ်ဝန်းကျင်ရှိပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတော့မည် ဖြစ်ကြောင်း သိရသည်။



(ဝဲပုံ)(၄၇၁)

* - * - * - * - *

# ယခုနှစ် ထန်းတက်ရာသီ ထန်းတက်သူ ပိုများနိုင်ဟု ဆို

**ရေနံချောင်း အောက်တိုဘာ ၂၂**

အညာဒေသတွင် ယခုနှစ်ထန်းတက်ရာသီ၌ ယခင်နှစ်ကထက် ထန်းတက်သူပိုများနိုင်ကြောင်း မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်က ထန်းတောင်သူများထံက သိရသည်။

အညာ၏ အိုအေစစ်တစ်ခုဖြစ်သည့် ထန်းပင်ကို နှစ်စဉ်ထန်းဖိုဦးရာသီကို ဇန်နဝါရီလတွင်စတင်ကြပြီး ကနဦးထန်းပင်အရိုင်းများကို ဓားဖြင့်ခုတ်၍ ထန်းလက် အခြောက်ခွာခြင်း၊ ထန်းနို့ကိုင်းအချောင်း အခြောက်ခုတ်ခြင်း၊ ထန်းစစ်များ ခွာချကာ အသစ်ထွက်သော ထန်းနို့ချောင်းကို ပြုပြင်၍ ထန်းတက်လုပ်ငန်းခွင်စတင်ကြသည်။



ယခုနှစ် ထန်းလျက်ဈေးက ထန်းလျက်တစ်ပိဿာငွေကျပ် ၄၈၀၀ ဝန်းကျင် ပေါက်ဈေးရှိနေပြီး တစ်နှစ်လုံးဈေးကောင်းခဲ့တာကို ကြည့်ပြီး ယခုလာမည့်နှစ်မှာ ထန်းတက်သူများနိုင်တယ်၊ ကုန်ကျစရိတ်တွေရှိပေမယ့် ယခုလက်ရှိပေါက်ဈေးအရ တွက်ခြေကိုက်မည်ဟု ဒေသခံတစ်ဦးက ပြောသည်။

ထန်းလျက်ဈေးကွက်တွင် ဆီးထန်းလျက် တစ်ပိဿာ ငွေကျပ် ၅၂၀၀၊ ပေါက်ပေါက်ဆုပ်ထန်းလျက် ငွေကျပ် ၅၅၀၀၊ နှမ်းဖတ်ဆုပ်ထန်းလျက် ၂၅ ကျပ်သားလျှင် ငွေကျပ် ၁၈၀၀ ရောင်းချကြပြီး နှစ်စဉ်လမ်းမများတွင် ထန်းလျက်ကို အညာဒေသက တောင်သူများကိုယ်တိုင် ရောင်းချလျက်ရှိကာ အညာလက်ဆောင်နှင့် မိသားစုစားသုံးရန် ဝယ်ယူကြကြောင်း သိရသည်။

(ဝဲပုံ)(၄၇၂)

* - * - * - * - *

**တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း ပန်းနှင့်သစ်ပင် မတွေ့မြင်က ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏ ။**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားများ၏ သမိုင်းအချက်အလက်များနှင့် ဘုရားဖူးလမ်းညွှန်များကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း လေ့လာကြည့်ရှုနိုင်

**မန္တလေး အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထင်ကရ ဘုရား၊ စေတီ၊ ပုထိုး ၁၀ ဆူကို www.pagoda-directory.gov.mm တစ်ဆင့် ကြည်ညိုလေ့လာဖူးမြော်နိုင်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီး ဘုရားများကိုလည်း mandalaypag odadirectory.org Website၌ ဝင်ရောက်၍ ကြည့်ရှုလေ့လာဖူးမြော်ကြည်ညိုနိုင်သည်။

အဆိုပါ mandalaypagodadirectory.org Website ၌ လက်ရှိတွင် မဟာမုနိဘုရားကြီး၊ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ အောင်တော်မူဘုရား၊ ရွှေကျီးမြင်ဘုရား၊ မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့်စေတီတော်ကြီး၊ ကျောက်ဆည်မြို့နယ်ရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရား၊ ပြင်ဦးလွင်မြို့နယ်ရှိ မဟာအံ့ထူးကံသာဘုရား၊ ပုဂံဒေသရှိ တုရင်တောင်စေတီတော်၊ မနူဟာဘုရား၊ လောကနန္ဒာစေတီတော်၊ ထီးလိုမင်းလိုဘုရား၊ ဓမ္မရာဇကစေတီတော်၊ ဖူးဘုရားစေတီတော်၊ အလိုတော်ပြည့်ဘုရား၊ ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရားတို့ကို လွယ်ကူစွာ ဖူးမြော်ကြည်ညိုလေ့လာနိုင်ပြီး အဆိုပါ Website အား မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (Myanmar Institute of information Technology-MIIT) မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကူညီရေးသားဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ ထပ်မံဖြည့်သွင်းဆောင်ရွက်လိုသည့် ဘုရားများ၏ သမိုင်းအချက်အလက်များနှင့် အကြောင်းအရာများကို လေ့လာကြည့်ရှုနိုင်ရန် ဆက်လက်ရေးသားဆောင်ရွက်သွားမည့်အစီအစဉ်များလည်းရှိကြောင်း website ၌ ပါဝင်ရေးသားသူ MIIT မှ ဒေါက်တာခိုင်ဇာသွယ်က ပြောသည်။

Touch Screen များအား အသုံးပြု၍ Pagoda Digital Directory သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန်များ လေ့လာကြည့်ရှုနိုင်ရန် Station များကို မဟာမုနိဘုရားကြီး လေးခု၊ မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့် စေတီတော်တွင် နှစ်ခု၊ ကျောက်တော်ကြီးဘုရားတွင် နှစ်ခု၊ မဟာရွှေသိမ်တော်မြတ်စွာဘုရားတွင်နှစ်ခု၊ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားတွင် ၂ ခု၊ စန္ဒာမုနိဘုရားတွင်တစ်ခု ထားရှိပြီး အများပြည်သူ စိတ်အေးချမ်းသာစွာ လေ့လာကြည့်ရှုနိုင်ရန် စီစဉ်ထားကြောင်း မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့၊ တွဲဖက်အထွေထွေအတွင်းရေးမှူးထံက သိရသည်။

"mandalaypagodadirectory.org Website ပြသနိုင်ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(Myanmar Institute of information Technology-MIIT)တို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ စေတီတော်ဆိုင်ရာ၊ ဘုရားဖူးလမ်းညွှန်၊ ဖူးမြော်ရန်နေရာများ၊ သာသနာတော်ထွန်းကားမှု၊ ဗုဒ္ဓအဆုံးအမများ၊ ပန်းဆယ်မျိုး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် သမိုင်းအထောက်အထားတွေ အချက်အလက်တွေကို တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း ကြည့်ရှုလေ့လာနိုင်ပါတယ်။ ဘုရားဖူးလာပြည်သူတွေ ကိုယ်တိုင်ဝင်ရောက်ကြည့်ရှုနိုင်အောင် လုပ်ဆောင်ထားသလို ကြည့်ရှုသူတွေကို ရှင်းပြနိုင်အောင်လည်း ဝန်ထမ်းတွေအားလုံးကို သင်ကြားပေးသွားမှာဖြစ်ပါတယ်"ဟု မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က ပြောသည်။

အဆိုပါ Touch Screen များအား အသုံးပြု၍ Pagoda Digital Directory သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန်များလေ့လာကြည့်ရှုနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ဘုရား၊ စေတီ၊ ပုထိုးများတွင် လက်ရှိဆောင်ရွက်ထားရှိမှုအနေဖြင့် မန္တလေးမြို့တွင် ၁၇ လုံးနှင့် ပုဂံဒေသတွင် ကိုးလုံး ဆောင်ရွက်ထားရှိကြောင်း၊ သက်ဆိုင်ရာဘုရားများ၏ သတင်းအချက်အလက် အကြောင်းအရာများ၊ ဘုရားသမိုင်းများနှင့်ပတ်သက်၍ Digitalize ပြုလုပ်ရေး၊ Touch Screen များအသုံးပြု၍ အများပြည်သူအလွယ်တကူသိရှိအောင် ခေတ်မီနည်းပညာများ ကျယ်ပြန့်စွာအသုံးပြုနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(အပေါ်ဝဲပုံ)(မန္တလေးနေ့စဉ်-၄)



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိလာသူ ခရီးသွားများအား မြင်းလှည်းအစီး ၁၀၀ ကျော်ဖြင့် ဝန်ဆောင်မှုပေးနေ

မန္တလေးတိုင်းဒေသကြီး၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအား မြင်းလှည်းအစီး ၁၀၀ ကျော်ဖြင့် ဝန်ဆောင်မှုပေးနေကြောင်း ပုဂံ-ညောင်ဦး မြင်းလှည်းအသင်းမှ သိရသည်။

ပုဂံဒေသတွင် ခရီးသည်တင်သုံးဘီးယာဉ်ငယ်များရှိသော်လည်း အချို့သော ဘုရားဖူးများနှင့် လာရောက်လည်ပတ်သူများက မြင်းလှည်းငှားရမ်းစီးနင်းအသုံးပြုကြသည်ဟု ၎င်းအသင်းမှ မြင်းလှည်းမောင်းသူတစ်ဦးက ပြောသည်။

"တုတ်တုတ်လို့ခေါ်တဲ့ သုံးဘီးယာဉ်တွေလည်း ပုဂံမှာ ဘုရားဖူးပို့ပေးတာတွေရှိပေမယ့် ဧည့်သည်အချို့က ရိုးရာမြင်းလှည်းစီးကြတယ်။ နိုင်ငံခြားခရီးသွားတွေကလည်း မြင်းလှည်းစီးတာကို သဘောကျကြတယ်။ ပွင့်လင်းရာသီမှာ ခရီးသွားဧည့်သည်တွေ များပါတယ်။ သီတင်းကျွတ်ပိတ်ရက်ကဆိုရင် တည်းခိုခန်းတွေ အပြည့်ပဲ"ဟု ၎င်းက ပြောသည်။

မြင်းလှည်းဖြင့် ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုအတွက် တစ်နာရီလျှင် ငွေကျပ် ၂၀၀၀၀ နှင့် တစ်နေ့တာအတွက်ဆိုလျှင် ငွေကျပ် ၈၀၀၀၀ ဖြစ်ပြီး လူကြီး ၄ ဦးနှင့် ကလေးငယ်ပါလျှင် စုစုပေါင်း ၅ ဦးမှ ၆ ဦးတင်ဆောင်ကြောင်း၊ တန်ခိုးကြီး ဘုရားများနှင့် အာနန္ဒာဘုရားအနီးတွင် မြင်းလှည်းဂိတ်များရှိပြီး နာရီပိုင်းဖြစ်စေ၊ တစ်နေ့တာဖြစ်စေ ပို့ဆောင်ပေးရန် ငှားရမ်းနိုင်သည်။

ပုဂံဒေသသို့ ရောက်ရှိလာသည့် ခရီးသွားဧည့်သည်များအတွက် ဒေသခံများက လျှပ်စစ်ဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးများငှားရမ်းခြင်း၊ သုံးဘီးယာဉ်ငယ်များဖြင့် ပို့ဆောင်ပေးခြင်း၊ မြင်းလှည်းဖြင့် ပို့ဆောင်ပေးခြင်းလုပ်ငန်းများအပြင် ဒေသထွက်ထုတ်ကုန်ပစ္စည်းအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များလည်း ခရီးသွားကဏ္ဍမှ နေ့စဉ်ဝင်ငွေရရှိကြသည်ဟု ဆိုသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

## နဂါးမောက်သီးပေါ်ချိန် ဈေးကွက်ဈေးကောင်းရရှိနေ

နဂါးမောက်သီးပင်များကို မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ဈေးကောင်းရရှိနေသည်။

ယခုအခါ ပြင်ဦးလွင်ခရိုင်တွင်လည်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး မန္တလေးဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိသည်။

နဂါးမောက်ပင်ကို အတွင်းသားအဖြူနှင့် အနီမျိုးတို့ကို အဓိကစိုက်ပျိုးကြသည်။ နဂါးမောက်ပင်ကို တိုင်စနစ်၊ စင်စနစ်၊ တန်းစနစ်ဖြင့် အများဆုံးစိုက်ပျိုးကြသည်။ နဂါးမောက်ပင်မျိုးကို တစ်ခါသာဝယ်ယူရပြီး ဆက်လက်စိုက်ပျိုးရန်အတွက် မိမိအပင်မှ မျိုးကိုဖြတ်၍ စိုက်ပျိုးနိုင်သောကြောင့် အလွယ်တကူစိုက်ပျိုးနိုင်သောအပင်များ ဖြစ်သည်။

နဂါးမောက်ပင်သည် ဆူးပါပြီး အကြမ်းခံသောအပင်မျိုးဖြစ်သည်။ တစ်နှစ်သားအရွယ်ရောက်လျှင် အဖူး၊ အပွင့်များထွက်ကာ သီးကင်းစပြုလာသည်။ ဧပြီလနှင့်ဇူလိုင်လများတွင် ပန်းပွင့်ဖူးလေ့ရှိသည်။ ပင်ပျိုတွင် အသီးနည်း၍ နှစ်ကြာလာသည်နှင့်အမျှ အသီးပိုသီး၍ အသီးလည်းကြီးမားလာသည်။ နဂါးမောက်သီးတွင် ဘီတာမင်စီ၊ အမျှင်ဓာတ်များကြွယ်ဝစွာပါဝင်ပြီး ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ ဆီးချို၊ သွေးတိုးရောဂါများကို ပျောက်ကင်းစေသည်။ကျန်းမာရေးနှင့်ညီညွတ်ပြီး အလွယ်တကူဝယ်ယူစားသောက်ရန်သင့်တော်သော အသီးမျိုးဖြစ်သည်။

နဂါးမောက်သီးတွင် အတွင်းသား အဖြူ၊ အနီ၊ အဝါ ဟူ၍ သုံးမျိုးရှိရာ ဝယ်ယူသူများအနေဖြင့် အနီသီးကိုပို၍ နှစ်သက်ကြသည်။ နဂါးမောက်သီးကို ဝိုင်အဖြစ်လည်း စမ်းသပ်ထုတ်လုပ်လျက်ရှိပါသည်။ နဂါးမောက်သီးတစ်လုံးလျှင် အကြီးငွေကျပ် ၁၀၀၀၊ အလတ် ငွေကျပ် ၇၀၀၊ အသေးငွေကျပ် ၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ် လျက်ရှိသည်။

ယခုထွက်ရှိသော နဂါးမောက်သီးများကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဆေးဖက်ဝင်ပြီး အလွယ်တကူစိုက်ပျိုးဝင်ငွေရရှိနိုင်သော နဂါးမောက်ပင်အား စိုက်ပျိုးသင့်ပါကြောင်း နဂါးမောက်စိုက်ပျိုးရောင်းချသူများထံမှ သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေပေးအပ်

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့်ကိစ္စများ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိသည်။ဘာသာရပ်အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ အောက်တိုဘာ ၂၁ ရက်က ဆီးကျိတ်ခွဲစိတ်ကုသမှုခံယူထားသော ဆရာကြီး ဦးအောင်သန်း (အင်္ဂလိပ်စာ)အား ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဦးတင်မောင်၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ဝင်များက ဆေးရုံသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ်သုံးသိန်းပေးအပ်၍ ကျန်းမာရေး မေးမြန်းအားပေးစကားများ ပြောကြားခဲ့ကြသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့်နေ့မှစပြီး ၂၀၂၄ ခု အောက်တိုဘာ ၂၁ ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၁၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြုငွေကျပ်သိန်း ၅၅၀ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)** (ဝ၄၅)



# Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ




## အသားအရေမညီညာခြင်းကို သက်သာစေမယ့် ထိရောက်တဲ့ နည်းလမ်း

အပြစ်အနာအဆာကင်းပြီး ကောင်းမွန်တဲ့အသားအရေကို ပိုင်ဆိုင်နိုင်ချင်တာအားလုံးရဲ့ အိပ်မက်ပဲဖြစ်ပါတယ်။ နေလောင်ဒဏ်၊ တင်းတိပ်၊ အမာရွတ်တွေကြောင့် မျက်နှာညိုညစ်လာတာ၊ ဝက်ခြံတွေကြောင့် မျက်နှာနီမြန်းလာတာ စတာတွေဟာ အလှအပအတွက် စိတ်အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ အသားအရေမညီညာမှုကိုဖြစ်စေနိုင်တဲ့ အဓိကအကြောင်းအရာတွေကတော့ နေလောင်ဒဏ်၊ လေမသန့်ခြင်း၊ အသက်အရွယ်ကြီးမြင့်လာခြင်း၊ ဟော်မုန်းမညီမျှခြင်းနဲ့ အချို့သော ဆေးဝါးများကြောင့်ပဲ ဖြစ်ပါတယ်။

အသားအရောင်မညီညာမှုကို သက်သာပျောက်ကင်းစေနိုင်ပြီး ညီညာချောမွတ်တဲ့ အသားအရေကိုပိုင်ဆိုင်နိုင်မယ့် သဘာဝနည်းလမ်းတွေကို ဖော်ပြပေးလိုက်ပါတယ်။

(၁) ရေဓာတ်ပြည့်ဝခြင်းဟာ ကြည်လင်လှပသော အသားအရေကို ပိုင်ဆိုင်ရရှိစေမှာ ဖြစ်ပါတယ်။ ရေဓာတ်ပြည့်ဝစေဖို့ ရေများများသောက်ဖို့ လိုအပ်သလို ပြင်ပမှ Moisturizer တွေလိမ်းပေးနေဖို့လည်း လိုပါတယ်။ Moisturizer လိမ်းပေးခြင်းအားဖြင့် အသားအရေနီမြန်းမှုနဲ့ ခြောက်သွေ့ခြင်းတွေကို ကာကွယ်နိုင်ပြီး စိုပြည်ဝင်းပလာစေမှာ ဖြစ်ပါတယ်။

(၂) Sunscreen လိမ်းခြင်းဟာ Skincare Step တွေထဲမှာ အရေးအကြီးဆုံး Step တစ်ခုဖြစ်ပါတယ်။ အသားအရောင် မညီညာခြင်းကို ဖြစ်စေတဲ့ အဓိကတရားခံဖြစ်တဲ့ နေလောင်ဒဏ်ကို ကာကွယ်နိုင်ဖို့ Sunscreen ကို နေ့စဉ်မမေ့မလျော့ လိမ်းပေးရမှာ ဖြစ်ပါတယ်။ Sunscreen လိမ်းလေ့မရှိသူက အသက်အရွယ်မတိုင်မီ အိုမင်းရင့်ရော်တတ်ပြီး တင်းတိပ်များလည်း ဖြစ်ပေါ်လာနိုင်ပါတယ်။

(၃) Vitamin C ပါဝင်သော အစားအစာများကိုစားပါ။ Vita-min C ပါဝင်တဲ့ အစားအစာ တွေဖြစ်တဲ့ လိမ္မော်သီး၊ စတော်ဘယ်ရီသီး၊ မာလကာသီး၊ ကီဝီသီးစတာတွေဟာ အသားအရေကို စိုပြည်ဝင်းပစေနိုင်ပါတယ်။ Vitamin C ဟာ Antioxidant တစ်မျိုးဖြစ်ပြီး အသားအရေမညီညာခြင်းကိုဖြစ်စေနိုင်တဲ့ တစ်ရှူးပျက်စီးခြင်းတွေကို ကာကွယ်ပေးနိုင်ပါတယ်။ **Daisy**

## ဆံပင်ကျွတ်ရတဲ့အကြောင်းရင်းများ

**(၁) ဟော်မုန်းဓာတ်မညီမျှခြင်း**

ဟော်မုန်းဓာတ်မညီမျှခြင်းဆိုတဲ့ အကြောင်းအချက်မှာ အဓိကကျတဲ့အချက်ကတော့ Thyroid hormone (သိုင်းရွိုက်ဟော်မုန်း) ပါ။ သိုင်းရွိုက်နည်းခြင်း (ဒါမှမဟုတ်)များခြင်း နှစ်မျိုးစလုံးဟာ ဆံပင်ကျွတ်ခြင်းကို ဖြစ်စေနိုင်ပါတယ်။ သိုင်းရွိုက်ဟော်မုန်းကို ညီမျှအောင် ကုသလိုက်မယ်ဆိုရင် ဆံပင်ကျွတ်တာ သက်သာသွားမှာပါ။နောက်ဟော်မုန်းပြဿနာတွေကတော့ မ ဟော်မုန်းအပြောင်းအလဲကြောင့်ပါ။ အမျိုးသမီးတွေအများစုဟာ မီးဖွားပြီးကာလနဲ့ သွေးဆုံးပြီးကာလတွေမှာ မ ဟော်မုန်းအပြောင်းအလဲတွေ ဖြစ်ပေါ်ပြီး ဆံပင်ကျွတ်တာ များလာတတ်ပါတယ်။

**(၂) မျိုးရိုးဗီဇ**

ရောဂါတော်တော်များများကိုဖြစ်စေတဲ့ အကြောင်းအရင်းတွေကို လေ့လာကြည့်လိုက်ရင် မျိုးရိုးဗီဇကြောင့် ဖြစ်နေတတ်တာကိုလည်း တွေ့ရတတ်ပါတယ်။ ဆံပင်ကျွတ်တာများခြင်းရဲ့ အကြောင်းအရင်း တစ်ခုမှာလည်း မျိုးရိုးဗီဇကြောင့် ဖြစ်တတ်တယ်ဆိုတာကို ငြင်းပယ်လို့ မရနိုင်ပါဘူး။

**(၃) စိတ်ဖိစီးမှုများခြင်း**

စိတ်ဖိစီးမှုများခြင်းကို စိတ်ပိုင်းဆိုင်ရာအရ စိတ်ဖိစီးမှုများခြင်းနှင့် ကိုယ်ပိုင်းဆိုင်ရာ ဖိစီးမှုများခြင်းဟု နှစ်မျိုးခွဲခြားလို့ ရပါတယ်။ အဲဒီနှစ်မျိုးစလုံးက ဆံပင်ကျွတ်တာကို များစေပါတယ်။ ကိုယ်ပိုင်းဆိုင်ရာဖိစီးမှုတွေဖြစ်တဲ့ ခွဲစိတ်မှုခံယူရခြင်း၊ ကိုယ်အပူကြီးခြင်း၊ သွေးထွက်များခြင်းတို့ဟာ ဆံပင်ကျွတ်ခြင်းကို များစေပါတယ်။ စိတ်ပိုင်းဆိုင်ရာ ရောဂါတွေဖြစ်တဲ့ စိတ်ပူပန်မှုများခြင်း၊ စိတ်ဖောက်ပြန်ခြင်း ရောဂါတွေမှာလည်း ဆံပင်ကျွတ်တာများတာကို တွေ့ရတတ်ပါတယ်။

**(၄) ဆေးဝါးသောက်သုံးမှုများ**

ကင်ဆာရောဂါဆေးသောက်သုံးနေရတဲ့သူ အများစုမှာ ဆံပင်ကျွတ်တာ များလေ့ရှိတာကို တွေ့ရပါတယ်။ အခြားဆေးဝါးတွေအနေနဲ့ကတော့ သိုင်းရွိုက်ဟော်မုန်းထိန်းဆေးများ၊ သန္ဓေတားဆေးတချို့၊ နှလုံးထိန်းဆေး၊ အတက်ကျဆေး၊ စိတ်ရောဂါကုဆေးဝါးများ၊ သွေးကျဲဆေးတို့မှာလည်း ဆံပင်ကျွတ်တတ်တဲ့ အာနိသင်တွေရှိတာကို တွေ့ရှိရပါတယ်။

**(၅) အာဟာရဓါတ်ဗီတာမင်ဓာတ်များ နည်းပါးခြင်း**

သွပ်ဓာတ် (Zinc ဓာတ်)နဲ့ သံဓာတ်ချို့တဲ့မှုဟာ ဆံပင်ကျွတ်တာများခြင်းနှင့် ဆက်စပ်မှုရှိတယ်လို့ တွေ့ရပါတယ်။ ဒါ့ပြင် အဆီအစားနည်းလွန်းခြင်း၊ ဗီတာမင် ဒီ၊ စီ၊ ဘီ ၁၂၊ အေနှင့် အိုင်အိုဒင်းလို့ခေါ်တဲ့ဓာတ်တွေ ချို့တဲ့လျှင်လည်း ဆံပင်ကျွတ်တာများနိုင်တာကို လေ့လာတွေ့ရှိချက်များအရ တွေ့ရပါတယ်။

**(၆) နာတာရှည်ရောဂါအခံတစ်ခုခုရှိခြင်း**

SLE လို့ခေါ်တဲ့ အရေပြားလေးဖက်နာရောဂါနဲ့ အဲဒီရောဂါဖြစ်လို့ သောက်ရတဲ့သောက်ဆေးတွေဟာ ဆံပင်ကျွတ်တာကို များစေပြီး ဆံပင်ပေါက်တာ နည်းသွားသည်အထိ ဖြစ်နိုင်ပါတယ်။ အခြားနာတာရှည်ရောဂါများအနေနဲ့ ကျောက်ကပ်ပျက်စီးခြင်း၊ အသည်းရောဂါ၊ ဆီးချိုရောဂါနဲ့ အရေပြားရောဂါတွေဟာလည်း ဆံပင်ကျွတ်တာ များစေတာကို တွေ့ရပါတယ်။

အချုပ်အားဖြင့် ဆံပင်ဆိုတာ လူတစ်ယောက်ရဲ့ ဒုတိယမျက်နှာပါ။ မျက်နှာကိုလှပအောင် ထိန်းသိမ်းသလို ဆံသားတွေကိုလည်း ကျန်းမာသန့်စွမ်းအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ပါတယ်။ ဆံသားကို အပူပေးတာ၊ ကောက်တာ၊ ဖြောင့်တာ၊ ဆေးဆိုးတာတွေကလည်း ဆံပင်ကျွတ်တာများခြင်းထဲမှာ အပါအဝင်ဖြစ်လို့ ဆံပင်ကို ဓာတုပစ္စည်းတွေနဲ့ ခဏခဏထိတွေ့စေတာကို ရှောင်ကြဉ်ပေးပါ။ အစာအာဟာရ မျှတအောင်စားပါ။ လိုအပ်ပါက သက်ဆိုင်ရာဆရာဝန်များနှင့်တွေ့ရှိပြီး ဆေးကုသမှု ခံယူသင့်ပါတယ်လို့ တိုက်တွန်းလိုက်ရပါတယ်။ **Daisy**





## နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ပါ

ကျန်းမာရေးနဲ့ ညီညွတ်စေရန် တစ်ပတ်ကို အနည်းဆုံး မိနစ် ၃၀ လောက် လေ့ကျင့်ခန်းလုပ် ပေးသင့်ပါတယ်။ ခန္ဓာကိုယ်လှုပ်ရှားမှုပြုလုပ်ပေးမှသာ သွေးလှည့်ပတ်မှုကောင်းစေပြီး အရေပြားဆဲလ်အသစ်တွေ ထွက်ပေါ်လာစေရန် ကူညီနိုင်မှာ ဖြစ်ပါတယ်။ အသားအရေညီညာပြီး စိုပြည်ကျန်းမာတဲ့အသားအရေကို ရရှိဖို့ဆိုရင် အရေပြားဆဲလ်သစ်တွေ ထုတ်လုပ်နိုင်ဖို့ကလည်း အလွန်အရေးကြီးပါတယ်။ **Daisy**



## သဘာဝပစ္စည်းတွေ အသုံးပြုပြီး အသားအရေထိန်းသိမ်းနည်းများ

သဘာဝပစ္စည်းတွေမှာလည်း အသားအရေထိန်းသိမ်းရာမှာ အသုံးဝယ်တဲ့ပစ္စည်းတွေရှိပြီး နည်းလမ်းမှန်ကန်စွာ အသုံးပြုတတ်မယ်ဆိုရင် ထိရောက်တဲ့ရလဒ်ကို ရရှိစေမှာဖြစ်ပါတယ်။ သဘာဝနည်းလမ်းတွေထဲက ထိရောက်ပြီး ပြုလုပ်ရတာလွယ်ကူတဲ့နည်းလမ်းတွေကို ပြောပေးပါမယ်။

(၁) မျက်နှာမသစ်ခင် နာရီဝက်အလိုမှာ သံပရာရည်နဲ့ သခွားရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်း တစ်ဝက်စီကိုရော၍ လိမ်းပေးပြီး မျက်နှာသစ်ပေးခြင်းဖြင့် မျက်နှာအသားအရေ ကြည်လင်စိုပြည်စေပါတယ်။

(၂) မိတ်ကပ်လိမ်းပြီး မိတ်ကပ်တွေ ကွက်မနေစေချင်ရင်တော့ သခွားရည်အနည်းငယ်ကို မျက်နှာရဲ့ အရမ်းအဆီပြန်တဲ့နေရာမှာ လိမ်းပေးပါ။ သခွားရည်သေချာခြောက်သွေ့သွားမှ မိတ်ကပ်ထပ်လိမ်းပါ။

(၃) အရမ်းအဆီပြန်တဲ့သူတွေကတော့ ရွှံ့စေးမှုန့်နဲ့ ပျားရည် လက်ဖက်ရည်ဇွန်း တစ်ဇွန်းစီရောမွှေပါ။ မျက်လုံးတစ်ဝိုက်ကို ရှောင်ပြီး မျက်နှာအနှံ့လိမ်းပေးပါ။ ၁၅ မိနစ်ကြာတဲ့အခါ ရေနွေးနွေးလေးနဲ့ မျက်နှာသစ်လိုက်ပါ။ တစ်ပတ်ကို သုံးကြိမ်လုပ်ပေးပါ။ ဒီနည်းကတော့ အရမ်းအဆီပြန်တဲ့သူတွေ အတွက်ပါပဲ။

(၄) သံပရာရည်နဲ့ရေကို ဆတူရောပြီး မျက်နှာမှာလိမ်းပေးပါ။ ခြောက်သွေ့တဲ့အခါ မျက်နှာသစ်ပါ။ ပြီးတော့ ရေအေးလေးနဲ့ မျက်နှာထပ်သစ်ပါ။

အခုဖော်ပြပေးထားတဲ့ နည်းလမ်းတွေကတော့ သဘာဝပစ္စည်းတွေကို အသုံးပြုထားတာဖြစ်လို့ အထိခိုက်မခံတဲ့ အသားအရေပိုင်ရှင်တွေနဲ့ ဝက်ခြံပေါက်နေသူတွေကတော့ လိုက်မလုပ်သင့်ပါဘူး။ **Daisy**



## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၂၂**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်မောင်မယ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည်နှင့်အညီ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျောင်းသားလူငယ်များအား စာဖတ်သည့်အလေ့အထတွင် ပျော်မွေ့လာစေရန်အတွက် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၁ရက် နံနက် ၁၀ နာရီက လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်(၁)၊ ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်ဝင်းက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ ထို့နောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ဦးဇော်ဌေးအောင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ထည့်သွင်းကျင်းပမည့် စာပေပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြသမည့်နေရာနှင့်အခမ်းအနားဖွင့်ပွဲကျင်းပမည့် လုပ်ငန်းအသေးစိတ်အား Power Point ဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းကော်မတီအသီးသီးမှ ဌာနဆိုင်ရာများက ရှင်းလင်းတင်ပြကြသည်။ အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အား အောက်တိုဘာ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၁)



## လူထုအခြေပြုဗဟိုဌာနတွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပ

**မြစ်သား အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြစ်သားမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး မြစ်သားမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့မှအဖွဲ့ဝင် အထက်တန်းရှေ့နေ ဒေါ်ယဉ်ယဉ်ထွန်းက ကလေးအလုပ်သမားနှင့်ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ကလေးအလုပ်သမား ပပျောက်ရေးအတွက် အရေးကြီးပုံအကြောင်း၊ ကလေးအလုပ်သမားတွေ လျှော့နည်း ပပျောက်အောင် ကလေးများကို အကာအကွယ်ပေးရမည့်အကြောင်းအရာများ၊ ကလေးများကို ကြမ်းတမ်းသောအလုပ်၊ အန္တရာယ်ရှိသော အလုပ်နှင့် ခေါင်းပုံဖြတ်ခံရသည့်လုပ်ငန်းမျိုးမှ အကာအကွယ်ပေးရန်နှင့် ကလေးများ၏ ကျန်းမာရေးနှင့် ပညာရေးတို့ကို ထိခိုက်စေမည့် အလုပ်မျိုးမလုပ်ရစေရန် တားဆီးကာကွယ်ပေးရမည်ဖြစ်ကြောင်း စသည့်အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

မြစ်သားမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများအသိပညာဗဟုသုတရရှိစေရန်အတွက် Online မှတစ်ဆင့် ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ရဲနိုင်ဦး(မြစ်သား)**

## အာဆီယံအမျိုးသမီးဖူဆယ်ပြိုင်ပွဲအား မြန်မာအသင်းအပါအဝင် ငါးသင်းပတ်လည်စနစ်ဖြင့် ကစားသွားမည်

၂၀၂၄ အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲမဲခွဲပွဲ အား အောက်တိုဘာ ၂၁ ရက်က ဖိလစ်ပိုင်နိုင်ငံတွင် ပြုလုပ်ခဲ့သည်။ ယင်းပြိုင်ပွဲအား မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အပါအဝင် အိမ်ရှင် ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့်အင်ဒိုနီးရှားတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

၂၀၂၄ အာဆီယံအမျိုးသမီး ဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲအား အုပ်စုပတ်လည်စနစ်ဖြင့် ကစားသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် နိုဝင်ဘာ ၁၆ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် အိမ်ရှင်ဖိလစ်ပိုင်နှင့်လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယက်နမ်နှင့်လည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက် မြန်မာစံတော်ချိန် ညနေ ၅နာရီခွဲတွင် ထိုင်းနှင့်လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီခွဲတွင် အင်ဒိုနီးရှားနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုတွင် အဆင့် ၃နှင့် အဆင့် ၄ ရအသင်းတို့သည် နိုဝင်ဘာ ၂၁ ရက်တွင် တတိယလုပွဲအဖြစ်လည်းကောင်း၊ အဆင့် ၁နှင့်အဆင့် ၂ ရအသင်းတို့သည် နိုဝင်ဘာ ၂၁ရက်တွင် ဗိုလ်လုပွဲအဖြစ်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

၂၀၂၄ အာဆီယံအမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအား ဖိလစ်ပိုင်နိုင်ငံ pasig မြို့တွင် နိုဝင်ဘာ ၁၆ရက် မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းသည် အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအပြင် အာရှဖလားခြေစစ်ပွဲအတွက်ပါ ပြင်ဆင်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က ကိုင်တွယ်လျက်ရှိသည်။

(အောက်ပုံ)

နိုင်ကမ္ဘာ

o-o-o-o-o-o-o




ပတ်စရာ၊ မှတ်စရာ

စုံလင်

## ကျန်းမာခြင်းသည် လာဘ်တစ်ပါး

\- - - - - - - - -

* ဘဝမှာ အရေးကြီးတဲ့
ဆေးနည်းလေးပေးပါမယ်
လိုက်စားနော် ကျန်းမာရေး
ဂရုစိုက်ကြကွယ် ။

* ကျန်းမာမှ လောကဝယ်
အဆင်ပြေတယ် လုပ်ငန်းများ
အမြဲစစ် ကျန်းမာခြင်းဖြင့်
ဖန်ဆင်းစေသား ။

* မြဲကျန်းမာ ရင်မှာအေး
သောကမတွေး လာဘ်လို့ခေါ်
အသက်ရှည် အနာကင်းရဲ့
သတင်းကောင်းပေါ် ။

* ကိုယ်စိတ်တို့ ရွှင်ပျော်ပျော်
အနာရောဂါ မရှိဝေး
ကင်းစင်ကွာ အများအကျိုး
သယ်ပိုးစို့လေး ။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)



## သတင်းပဒေသာ

### တတိယအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ မြို့အဝင် မီးပွိုင့်လမ်းဆုံမှ သိန်းသန်းချီ အဝေးပြေးကွင်းသွားလမ်း၌ မူဆယ်မြို့နယ်လုံးကျွတ်(တတိယအကြိမ်)ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မူဆယ်မြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တစန္ဒာဝရထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ တရားနာယူခြင်းနှင့် ရေစက်သွန်းချအမျှဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် တာဝန်ရှိသူများက ဦးဆောင်ပြုလုပ်ခြင်းဖြစ်ပြီး မူဆယ်မြို့နယ်အတွင်းရှိ သံဃာတော်၊ သီလရှင်အပါး ၁၀၇၉ ပါးကို ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဆေးဆိုင်များအား ရောင်တခင်ဝင်ရောက်စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ထန်ပါခွေမြို့၌ ယမန်နေ့ နံနက် ၁၁ နာရီက မြို့ပေါ်ရပ်ကွက်ရှိ အရောင်းဆိုင်များအား မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့မှ ရောင်တခင်စစ်ဆေးခဲ့သည်။ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ထန်ပါခွေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ပြန်/ဆက်ဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် မြို့ပေါ်ရပ်ကွက်ရှိ ဈေးအရောင်းဆိုင်(၆)ဆိုင်အား ရက်လွန်စားသောက်ကုန်များနှင့် ဆေးဝါးများအား ရောင်းချမှု ရှိ၊ မရှိ ရောင်တခင်ဝင်ရောက်စစ်ဆေးကာ ရက်လွန်စားသောက်ကုန်များအား သိမ်းဆည်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အသိပညာပေးလုပ်ငန်းများကို လစဉ်ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသားလူငယ်များ အသိပညာ ဗဟုသုတရရှိစေရန် အသိပညာပေးလုပ်ငန်းများကို လစဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ထီထပ်အခြေခံပညာမူလတန်းကျောင်းသို့ နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲများကို ယမန်နေ့ နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့တွင် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၁ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲပြသခြင်းကို မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဦးပွားဘုရား (၁၈)ကြိမ်မြောက် ပဋ္ဌာန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းဆွေးနွေး

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဦးပွားဆုတောင်းပြည့်ဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၈)ကြိမ်မြောက် မဟာပဋ္ဌာန်းပွဲနှင့် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓပူဇနိယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၀ ရက် ညနေ ၅ နာရီက ဦးပွားဘုရားဝန်းအတွင်းရှိ သာသနဝိပုလသိမ်တော်ကြီး ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ဆရာတော်၊ သံဃာတော်များ၊ ဦးပွားဘုရား ဂေါပကအဖွဲ့နှင့် အလှူရှင်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီးနောက် သက်တော်ရှည် အောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တဝါယမမှ ဩဝါဒမိန့်ကြားတော်မူသည်။ ဆက်လက်၍ ဦးပွားသမ္မုတိပတ္တမြားရတနာကျောင်းဆရာတော် ဘဒ္ဒန္တမာနိတာစာရမှ ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် လယ်ဝန်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာသီရိ (မဟာသဒ္ဓမ္မဇောတိကဓဇ)မှ ပွဲတော်စည်ကားသိုက်မြိုက်စွာ အောင်မြင်အောင် ကျင်းပနိုင်ရေး ဩဝါဒမိန့်ကြားပေးတော်မူသည်။

ထို့နောက် ဦးပွားဘုရား ဂေါပကအဖွဲ့နာယက ဆရာကြီး ဦးတင်မောင် (သူရိန်နန်း)မှ ဒီနှစ်မှာလည်း မနှစ် ကထက်ပိုပြီး



ဆရာဒါယကာ ညှိနှိုင်း၍ စည်ကားသိုက်မြိုက်စွာ ပါဝင်လောင်းလှူပူဇော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှောက်ထား၍ ဥက္ကဋ္ဌ ဦးမြင့်ဦးကလည်း ဆရာတော်ကြီးများ၏ ဩဝါဒခံယူပြီး ပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေး ညီညီညွတ်ညွတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အတွင်းရေးမှူး ဦးထွန်းလင်းမှ နာယက၊ ဥက္ကဋ္ဌများနှင့် ညှိနှိုင်းဆောင်ရွက်သွားပါမည်ဖြစ်ကြောင်းနှင့် တက်ရောက်လာသော အဖွဲ့ဝင်များကလည်း တစ်ဦးချင်းစီ တင်ပြလျှောက်ထားကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု (၃)ကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၆)

## ကျေးရွာတော်ရှင် မိုးကုတ်ဆရာတော် ဘဒ္ဒန္တဝိမလခန္တာဝန်ချသည့် (၆၂)နှစ်ပြည့် ရည်စူးအလှူတော်မင်္ဂလာ ကျင်းပ



**မြစ်ကြီးနား အောက်တိုဘာ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအမှတ် (၃၇၄) ဓမ္မရိပ်သာကျောင်းတိုက်မှ ဦးဆောင်၍ ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလ ခန္တာဝန်ချသည့် (၆၂) နှစ်ပြည့်အားရည်စူး၍ ရဟန်းဒါယိကာမများဖြစ်သည့် ဆရာလေး ဒေါ်ဓမ္မထေရီနှင့် ဆရာလေးများ၊ ဒေါ်မြင့်မြင့်ဌေး၊ဒေါ်ခင်စန်းမိသားစုမှ အမှတ်(၃၇၄) မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဩဘာသ(ဓမ္မာစရိယ)အမှူးပြုသည့် ဆရာတော်၊ သံဃာတော်သုံးပါးအား သိက္ခာကံထပ် ကံဆင့်ကံမြှင့်မင်္ဂလာကို အောက်တိုဘာ ၂၁ရက် နံနက် ၉နာရီက အဆိုပါ ကျောင်းတိုက်အတွင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းတိုက်အတွင်းရှိ မြတ်သစ္စာ ဓမ္မာရုံတွင် အလှူရှင်များက ဆရာတော် ဘဒ္ဒန္တဩဘာသအမှူးပြုသည့် ဆရာတော်၊ သံဃာတော်သုံးပါးအား သင်္ကန်းပရိက္ခရာ ရှစ်ပါးအား ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် ခေမာသီဝံပရိယတ္တိစာသင်တိုက်မှ စာချကထိက အဂ္ဂမဟာပဏ္ဍိတ သ·စ·အ ပါဠိပါရဂူ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များက ရွှေရတနာသိမ်တော်တွင် ပုနောပဥပသမ္ပဒ သိက္ခာကံထပ်မင်္ဂလာကို ဆင်ယင်ကျင်းပကာ တက်ရောက်လာသည့် အလှူရှင်များက ကြွရောက်တော်မူလာသည့် ဆရာတော်များအား လှူဖွယ်ဝတ္ထု အစုစုဖြင့် သိမ်ဆင်းလောင်းလှူခဲ့ကြသည်။

ထို့နောက် အလှူတော်မင်္ဂလာ ဒုတိယပိုင်းကို အဆိုပါ ကျောင်းတိုက်ရှိ မြတ်သစ္စာ ဓမ္မာရုံတွင် ကျင်းပရာ ကြွရောက်တော်မူလာသည့် ဆရာတော်၊ သံဃာတော်များ၊သီလရှင် ဆရာလေးများနှင့် အလှူရှင်များက နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ခဲ့ပြီး တက်ရောက်လာသည့် အလှူရှင်များက ဆရာတော် ဘဒ္ဒန္တစန္ဒာဝရာဘိဝံသထံမှ ရှစ်ပါးသီလကို ခံယူဆောက်တည်ကာ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တစန္ဒာဝရာဘိဝံသမှ သိက္ခာကံထပ် ကံဆင့်ကံမြှင့်အလှူတော်မင်္ဂလာနှင့်ပတ်သက်၍ အနုမောဒနာတရားတော်အား ချီးမြှင့်ဟောကြားတော်မူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလခန္ဓာဝန်ချသည့် (၆၂)နှစ်ပြည့် ရည်စူး၍ သိက္ခာကံထပ် ကံဆင့်ကံမြှင့် အလှူတော်သို့ မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း အသီးသီးမှ ဆရာတော်၊ သံဃာတော် ၇၅ ပါးနှင့် သီလရှင် ဆရာလေး ၂၅ ပါး ကြွရောက်တော်မူကာ အလှူရှင်များနှင့် ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၄၄)

## ပရိယတ္တိသာသနဟိတအသင်း(မန္တလေး)သို့ ဆွမ်းဆန်တော်နှင့် စာအောင်ဆု ပဒေသာပင်စိုက်ထူ

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၃၄လမ်းနှင့်၃၅လမ်းကြား၊ ၈၅လမ်းရှိ ပရိယတ္တိသာသနဟိတအသင်းသို့ စာအောင်ဆုပဒေသာပင်နှင့် နိဗဒ္ဓဆွမ်းဆန်တော် ငွေပဒေသာပင်အတွက် ငွေလှူဒါန်းပွဲကို အဆိုပါ အသင်းဓမ္မဗိမာန် အလယ်ထပ် အစည်းအဝေးခန်းမတွင် အောက်တိုဘာ၂၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အခမ်းအနားတွင် ပရိယတ္တိသာသနဟိတအသင်း ဒုတိယဥက္ကဋ္ဌဦးစိုးလွင်နှင့် အမှုဆောင်များ တက်ရောက်သည်။

အခမ်းအနားတွင် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၁၄ လမ်းနှင့်လမ်း ၈၀ ထောင့်နေ ဦးစိန်အောင်အား ရည်စူး၍ ဒေါ်လှည္ဟန့် (မယ်တင်ဆီစက်)မိသားစုက နိဗဒ္ဓဆွမ်းဆန်တော် ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ သမားတော် ဦးအောင်ကျော်+ဒေါ်ခင်အေးဝါ (မြတ်သုခ ဆေးတိုက်)မိသားစုက နိကယ်စာအောင်ဆုပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း၊ အောင်မြေသာစံမြို့နယ် ၂၂လမ်းနေ ဦးသက်နိုင်+ဒေါ်သီတာဝင်းခင် (ခနေဗလရွှေဆိုင်) မိသားစုက စာမေးပွဲ ၃ရပ် စာအောင်ဆုအတွက် ငွေကျပ်တစ်သိန်း၊ မြစ်ငယ် စက်ကွေ့ရပ်နေ သုခမ္မမဏိဇောတရေဒေါက်တာကျော်သက်နိုင်မိသားစုက သီးခြားစာချတန်းအောင်စဉ်(၁)စာအောင်ဆု ပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌဦးစိုးလွင်နှင့်အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** (ဝ၄၅)



# တရုတ်-မြန်မာနှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ် ယူနန်ပြည်နယ်ပေါင်စန်းပြည်နယ်ခွဲသို့ ကွင်းဆင်းလေ့လာရေးခရီးစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံယူနန်ပြည်နယ်၊ ပေါင်စန်းပြည်နယ်ခွဲ ဆက်ဆံရေးရုံး၏ ဖိတ်ကြားချက်အရ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး) ပူးပေါင်းဆောင်ရွက်မှု တရုတ်-မြန်မာနှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်ဖြင့် မန္တလေးမြို့ ဖူကျင့်နိုင်ငံတကာတရုတ်ဘာသာသင်ကျောင်း(FITC) ကျောင်းအုပ်ကြီး ဒေါက်တာ စက်တီ ဦးဆောင်သော မန္တလေးမြို့မှ မီဒီယာအဖွဲ့သည် သီတင်းကျွတ်အားလပ်ရက် အောက်တိုဘာ ၁၆ ရက်ည ၇ နာရီ ၅၅ မိနစ်တွင် တရုတ်လေကြောင်း Ruili Air ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ည ၁၀နာရီခွဲတွင် ယူနန်ပြည်နယ်၊ မန်စီနိုင်ငံတကာလေဆိပ်သို့ ရောက်ရှိခဲ့သည်။ မီဒီယာအဖွဲ့အား ပေါင်စန်းပြည်နယ်ခွဲ ဆက်ဆံရေးတာဝန်ခံနှင့်အဖွဲ့က ကြိုဆိုပြီး မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် လုံရန်မြို့ ရုံချန်းဟိုတယ်သို့ ဒေသစံတော်ချိန် ည ၁၂ နာရီ မိနစ်၄၀ တွင် ရောက်ရှိခဲ့သည်။

မန္တလေးမြို့မှ မီဒီယာအဖွဲ့သည် အဖွဲ့ခေါင်းဆောင်နှင့်အတူ ပေါင်စန်းပြည်နယ်ခွဲ ဆက်ဆံရေးတာဝန်ခံနှင့် မြန်မာဘာသာပြန်တို့လိုက်ပါပြီး အောက်တိုဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တည်းခိုသည့် ဟိုတယ်မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာပြီး ပေါင်စန်းမြို့ရှိ TongWei အဆင့်မြင့် သန့်စင်ပုံဆောင်ခဲဆီလီကွန်ထုတ်လုပ်ရေးကုမ္ပဏီသို့လေ့လာခဲ့ပြီး တာဝန်ရှိသူများက သန့်စင်ပုံဆောင်ခဲ ဆီလီကွန်မှ ဆိုလာပြားများ ထုတ်လုပ်နေမှု အဆင့်ဆင့်ကို လိုက်ပါရှင်းလင်းပြသခဲ့သည်။


မီဒီယာအဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ပေါင်စန်းပြည်နယ်ခွဲ တရုတ်တိုင်းရင်းဆေးအဆင့်မြင့် တိုင်းရင်းဆေးကောလိပ်နှင့် ပရဆေးဥယျာဉ်သို့ သွားရောက်လေ့လာခဲ့သည်။ ပေါင်စန်းတရုတ်တိုင်းရင်းဆေး အဆင့်မြင့်ကောလိပ်ကို ၁၉၆၅ ခုနှစ် ဇွန်လတွင် နိုင်ငံတော်အဆင့်ပေါင်စန်းကျန်းမာရေး နည်းပညာအထက်တန်းအဆင့် အသက်မွေးဝမ်းကျောင်းအဖြစ် စတင်တည်ထောင်ခဲ့သည်။ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ယူနန်ပြည်နယ်၏ တစ်ခုတည်းသော တရုတ်တိုင်းရင်းဆေးပညာနှင့် အနောက်တိုင်းဆေးပညာ ပူးပေါင်းတိုးတက်စေသော အဆင့်မြင့်တိုင်းရင်းဆေးကောလိပ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ပြီး တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ပေးလျက်ရှိသည်။တရုတ်နိုင်ငံအစိုးရ အထောက်အပံ့ဖြင့် ဖွင့်လှစ်သောကျောင်းဖြစ်ပြီး နိုင်ငံခြားကျောင်းသား၊ ကျောင်းသူများလည်း စကောလားရှစ် အစီအစဉ်ဖြင့် ပညာသင်ပေးရန် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ပေါင်စန်းနည်းပညာနှင့် ပညာရေးကောလိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် သွားရောက်လေ့လာခဲ့သည်။ ပေါင်စန်းနည်းပညာနှင့်ပညာရေး ကောလိပ်ကို ၁၉၅၆ ခုနှစ်တွင် တည်ထောင်ခဲ့သည်။နိုင်ငံတော်အဆင့် အဆင့်မြင့်နည်းပညာ အသက်မွေးဝမ်းကျောင်း လူ့စွမ်းအား



အရင်းအမြစ်များ မွေးထုတ်ပေးရာကျောင်းဖြစ်ပြီး တရုတ်နိုင်ငံ လူမှုဖူလုံရေးဝန်ကြီးဌာန၏ 'BRI' တွင်ပါဝင်သော ကမ္ဘာတောင်ဘက်ခြမ်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ နည်းပညာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ရက်ကျောင်းဖြစ်သည်။ ပေါင်စန်းပြည်နယ်ခွဲ၏ စက်ရုံကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရာစံပြနေရာ၊ ပေါင်စန်းပြည်နယ်ခွဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစံပြအဖွဲ့အစည်းနှင့် ယူနန်ပြည်နယ် မေဒေး(အလုပ်သမားနေ့)အထိမ်းအမှတ် ဂုဏ်ပြုလက်မှတ်ရသော ကျောင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၉၀၀၀ကျော် ပညာသင်ကြားလျက်ရှိသည်။ မြန်မာကျောင်းသားများလည်း လာရောက်ပညာသင်ကြားခဲ့သော ကျောင်းဖြစ်သည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ညနေ ၆ နာရီတွင် ချန်နင်းခရိုင်၊ ခေါကြယ်မြို့နယ်၊ ခေါကြယ်ရပ်ကွက်ရှိ သံလွင်မြစ်ရေပူစမ်းစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ခဲ့သည်။ ရေပူစမ်းစောင့်ရှောက်ရေးဂေဟာသည် ချန်နင်း-ပေါင်စန်းအမြန်လမ်းအထွက်ဂိတ်ပေါက်နှင့် တစ်ကီလိုမီတာအကွာတွင်တည်ရှိပြီးသုံး မီတာအကွာအဝေးတွင် တည်ရှိသော သံလွင်မြစ်မှ မြေအောက်ထွက်ရေကို ရယူခဲ့သည်။ ရေထွက်နှုန်းမှာ တစ်မိနစ်လျှင် ၂ဒသမ ၅ ကုဗမီတာရှိပြီး နေ့စဉ်ရေစီးနှုန်း ၃၆၈၀ ကုဗမီတာ၊ ရေအပူချိန်၈၀ဒီဂရီစင်တီဂရိတ်ရှိသည်။ နိုက်ထရိုက်ဒြပ်ပေါင်းအမျိုးအစားရေပူစမ်းဖြစ်သည်။ရေပူစမ်းရေထိတွေ့ခံစားမှုမှာနူးညံ့လှပြီး ရုပ်ပိုင်းဆိုင်ရာကုထုံးနှင့်ကျန်းမာ



ရေးအတွက် အကျိုးရှိသည်။ လေ့လာရေးအဖွဲ့သည် ညပိုင်းတွင် ချန်နင်းမြို့ ကန်လန်ဟယ်ရေပူစမ်းဟိုတယ်တွင် ညအိပ်ရပ်နားခဲ့ကြသည်။

လေ့လာရေးအဖွဲ့သည် အောက်တိုဘာ ၁၀ ရက် ဒုတိယနေ့အဖြစ် ချန်နင်းကြာရှာ နှစ်ရှည် လက်ဖက်ပင်ဥယျာဉ်သို့ လေ့လာရေးသွားရောက်ခဲ့သည်။ မန်ဆွေမြို့နယ်၊ ဝှမ်ကြားရွာ၊ နှစ်ရှည်လက်ဖက်ဥယျာဉ်သည် ပေါင်စန်းပြည်နယ်ခွဲ၊ ချန်နင်းခရိုင်၊ မန်ဆွေမြို့နယ်၊ မန်ဆွေရပ်ကွက် ဝှက်ကြားရွာတွင် တည်ရှိသည်။ သဘာဝအလှခရီးသွားအရင်းအမြစ် ပေါကြွယ်သည့်အပြင် လူ့အဖွဲ့အစည်း ယဉ်ကျေးမှုများလည်း ပေါများလှသည်။ သမိုင်းနှင့်ယဉ်ကျေးမှုနက်ရှိုင်း၍ သဘာဝရှုခင်းများလည်း များပြားလှသည်။ အဆိုပါနေရာတွင် နှစ်ရှည်လက်ဖက်ပင်များ၏ သဘာဝအလှများကို လေ့လာခံစားခြင်း၊ နှစ်ရှည်လက်ဖက်ပင်များ ပတ်လည်လမ်းလျှောက်ခြင်း၊ သင်းပျံ့လှသော လက်ဖက်အနံ့ခံစားခြင်း၊ လက်ဖက်နှင့်ပြုလုပ်ထားသော စားသောက်ဖွယ်ရာများ သုံးဆောင်ခြင်း၊ ဆောင်းဦးရာသီပန်းမန်အလှများနှင့် ဝေဆာလှပသော နှစ်ရာကျော်လက်ဖက်ပင်များကို တွေ့မြင်ရပြီး လှပသည့် သဘာဝအလှကို ခံစားရသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ယူနန်ပြည်နယ်၊ ချန်နင်ဟုန်လက်ဖက်လုပ်ငန်းကို သွားရောက်လေ့လာခဲ့သည်။ ၁၉၉၅ခုနှစ်တွင်တည်ထောင်ခဲ့ပြီး ၂၉ နှစ်တိုင်တိုင် လက်ဖက်ခြောက်လုပ်ငန်းကိုလုပ်ကိုင်ခဲ့သည်။ ရှန်ဟိုင်း၊ ကူမင်း၊ ဖုန်းချင့်၊ ချန်နင်း၊ လှီချွင်စသော ဒေသများတွင် ကုမ္ပဏီခွဲများ တည်ထောင်ထားပြီး စက်ရုံခွဲ ၁၄ခု



တည်ဆောက်ထားသည်။ယူနန်ပြည်နယ် ချန်နင်းခရိုင်၊ ဖုန်းချင့်ခရိုင်၊ လှီချွင်ခရိုင်များတွင် လက်ဖက်ခင်းဇေက ရှစ်သိန်းရှိသည်။ နိုင်ငံတကာနှင့် ဒေသ ၂၀ သို့ ပို့ကုန်အဖြစ်တင်ပို့ရောင်းချပြီး တရုတ်နိုင်ငံတွင် အကြီးဆုံး လက်ဖက်ခြောက်လုပ်ငန်းဖြစ်ပြီး လယ်ယာထွက်ကုန်ဖွံ့ဖြိုးရေးနှင့် ယူနန်ပြည်နယ် ပို့ကုန်ကဏ္ဍရှေ့ဆောင်လုပ်ငန်း ဖြစ်သည်။

လေ့လာရေးအဖွဲ့သည် ချန်နင်းမြို့မှ လုံလင်မြို့သို့ ထွက်ခွာခဲ့သည်။ လုံလင်ခရိုင်ရှိ ဒန်ဒရိုသစ်ခွသုတေသနစင်တာကို ဆက်လက်လေ့လာခဲ့သည်။ ကုန်ထုတ်လုပ်မှု၊သင်ကြားရေး၊ သုတေသနသုံးခုပေါင်းစပ်နေသော နည်းပညာဆန်းသစ်ပုံစံဖြစ်ပြီး ဒန်ဒရိုသစ်ခွလုပ်ငန်းအရည်အသွေးမြင့်မားဖွံ့ဖြိုးတိုးတက်မှုအတွက် ဖြစ်သည်။ ယူနန်ပြည်နယ်ဒေသစံနှုန်း ခရမ်းရောင်ဒန်ဒရိုသစ်ခွ၊ တိုင်းရင်းဆေးဝါးအရည်အသွေးစံနှုန်းခရမ်းရောင်သစ်ခွများနှင့် နိုင်ငံခြားမျိုးရင်းသစ်ခွများ၊ မြန်မာမျိုးရင်းသစ်ခွများ စိုက်ပျိုးပြသထားပြီး ယူနန်ပြည်နယ်စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးဒေသစံနှုန်းဖြင့် ဆေးဝါးနှင့် စားသောက်ကုန်များထုတ်လုပ်သည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ဖျင်ဟူထန် ဇီဝနည်းပညာကုမ္ပဏီလီမိတက်ကို လေ့လာရေးသွားရောက်ခဲ့သည်။ သစ်ခွစိုက်ပျိုးခြင်း၊ သုတေသနပြုလုပ်ခြင်း၊ စားသောက်ကုန်များ ထုတ်လုပ်သည်။ ဒန်ဒရိုသစ်ခွဖြင့် ကျန်းမာရေးအထောက်အကူပြု အဖျော်ယမကာနှင့် အမျိုးသမီးသုံး အလှကုန်ပစ္စည်းများ၊ အသားအရေကျန်းမာရေးဆေးဝါးများ ထုတ်လုပ်သည့် တရုတ်နိုင်ငံ၏ သစ်ခွစိုက်ပျိုးရေးနှင့် ကျန်းမာရေးအထောက်အကူပြုဆေးဝါးများ ထုတ်လုပ်ရေးဦးဆောင်လုပ်ကိုင်လျက်ရှိသည်။

လုံလင်ခရိုင်၊ တရုတ်ဒန်ဒရိုသစ်ခွပန်းခင်းပြသရောင်းဝယ်ရေးစင်တာသည် တစ်မူထူးခြားသော သဘာဝသယံဇာတနှင့် လုံလင်ခရိုင်သစ်ခွအရင်းအမြစ်ပေါကြွယ်ဝသော နေရာဖြစ်သည်။သစ်ခွစိုက်ပျိုးခြင်း၊ ရက္ခဗေဒအသိပညာပေး အဓိကသုတေသနစခန်းတစ်ခုဖြစ်သည်။ စင်တာတွင် ပြည်တွင်း၊ ပြည်ပသစ်ခွမျိုးစိတ်များပြသထားပြီး ခရီးသွားဧည့်သည်များ၏ အမြင်ကို ဆွဲဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံ အတိုင်းအတာဖြင့် အကြီးဆုံးသစ်ခွရောင်းဝယ်ရေးဈေးကွက်တစ်ခုဖြစ်သောကြောင့် ပြည်တွင်း၊ ပြည်ပဧည့်သည်များ လာရောက်လေ့လာလျက်ရှိသည်။ ဒန်ဒရိုသစ်ခွပန်းခင်းရောင်းဝယ်ရေးစင်တာသည် သစ်ခွမျိုးစုံ စိုက်ပျိုးပြသခြင်း၊ သိပ္ပံနည်းကျတီထွင်ခြင်း၊ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဂေဟစနစ်ထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းများတွင် အရေးပါသော နေရာတစ်ခုဖြစ်သည်။ မီဒီယာလေ့လာရေးအဖွဲ့သည် ည ၇ နာရီတွင် လေ့လာရေးရပ်နား၍ လုံလင်ခိုင်လုံဟိုတယ်တွင် ညအိပ်ခဲ့ကြ သည်။

(ဆက်လက်ဖော်ပြပါမည်။)

**မောင်ပြည်သူ(မန္တလေး)**

## တန်ဖိုးမြင့်စားသောက်ကုန်(Bakery)ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်



**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံများအားအခြေခံ၍ တန်ဖိုးမြင့် စားသောက်ကုန်များအဖြစ် ကျန်းမာရေးနှင့်ညီညွတ်စွာ ထုတ်လုပ်တတ်စေရန်၊ ကုန်ထုတ်လုပ်ငန်းများ တိုးပွားလာခြင်းဖြင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရန်၊ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများ လုပ်ကိုင်လာခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများထူထောင်၍ မိသားစုဝင်ငွေတိုးစေရန် ရည်ရွယ်၍ သင်တန်းကို အောက်တိုဘာ ၂၁ ရက်မှ ၂၅ရက်အထိ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊၈၂လမ်း၊ ၂၅လမ်းထောင့်တွင် သင်တန်းကြေးအခမဲ့ဖြင့် ဖွင့်လှစ်သင်ကြားသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး မုန့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးပြေသိန်းက သင်ကြားပို့ချမည့် အစီအစဉ်များကို ပြောကြားခဲ့သည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြများနှင့် ကျွမ်းကျင်ပညာရှင်များကိုယ်တိုင် Bakery အမျိုးမျိုး ထုတ်လုပ်နည်းများအား သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည်နှင့် စီးပွားဖြစ် ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**(အပေါင်ဝဲပုံ)**

**(ဝ၄၅)**

## အစေ့ထုတ်ပြောင်းအဝင်များပြီး ဈေးဆက်လက်ကျဆင်းသော်လည်း အရောင်းအဝယ်ကောင်းနေ



**ရွှေဘို အောက်တိုဘာ ၂၂**

ရွှေဘိုဒေသမှ ထွက်ရှိသည့် အစေ့ထုတ်ပြောင်းများ ဈေးကွက်အတွင်း ဝင်ရောက်မှုများပြီး ဈေးနှုန်းအနည်းငယ်ကျဆင်းသော်လည်း ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း ပြောင်းကုန်သည်များထံက သိရသည်။

အစေ့ထုတ်ပြောင်းမှာ စက်တင်ဘာလဒုတိယအပတ်မှ စတင်၍ ရွှေဘိုဈေးကွက်သို့ စတင်ဝင်ရောက်ခဲ့ပြီး အောက်တိုဘာလ၊ ဒုတိယအပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ငွေကျပ် ၂၃၅၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ တင်း ၉၀၀၀ ၊ ၂၂၅ တန်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ယခင်အပတ်နှင့်ယခုအပတ်တို့၏ အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတို့ကိုနှိုင်းယှဉ်ပါက ယခင်အပတ်၌ အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၂၅၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုအပတ်တွင် ယခင်အပတ်အောက် အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၁၅၀၀ ဈေးလျော့နည်းခဲ့သည်။

ယခင်နှစ် ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတို့ကို နှိုင်းယှဉ်ပါက ယခင်နှစ်ကာလတူ၌ အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၁၆၂၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ကာလတူထက် အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ငွေကျပ် ၇၃၀၀ ဈေးပိုမိုရရှိခဲ့ကြောင်း၊ ရွှေဘိုဈေးကွက်သို့ အစေ့ထုတ်ပြောင်းများ အဝင်များသော်လည်း ဝင်ရောက်သမျှ အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## မိုးချည်မျှင်ရှည်ဝါဖြစ်ထွန်းအောင်မြင်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နတ်မောက် အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ရွာမွန်ကျေးရွာအုပ်စုအတွင်းရှိ စိုက်ပျိုးထားရှိသည့် ချည်မျှင်ရှည်ဝါ ဖြစ်ထွန်းအောင်မြင်နေမှုအား ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးတွက်ခြေကိုက်၍ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် ချည်မျှင်ရှည်ဝါများကို စိုက်ပျိုးလျက်ရှိသည်။ စိုက်ပျိုးထားရှိသည့် ချည်မျှင်ရှည်ဝါများ ဖြစ်ထွန်းအောင်မြင်ရန်အတွက်အပင်သက်တမ်းတစ်လျှောက် ကြီးထွားမှု အဆင့်တိုင်းပိုးမွှားကင်းစင်ရေးနှင့် တစ်ဧကပန်းတိုင် ၇၀၀ ပိဿာထွက်ရှိရေး ဒေသခံတောင်သူများအား လက်တွေ့ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

နတ်မောက်မြို့နယ်တွင် ချည်မျှင်ရှည်ဝါကို ယခင်နှစ်က ၂၆၆၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးရာသီ၌ ၂၉၄၇၈ ဧက စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် ၂၈၄၇ ဧကတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ) လှဝင်း**





## ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်နှင့် ငှက်ပျောဖက်များ ဖြန့်ဝေ

**သရက် အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊မင်းလှမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန်ရည်ရွယ်၍ ဇေယျာသီရိဈေးတွင် ဈေးရောင်းဈေးဝယ်ပြည်သူများ အသုံးပြုနိုင်ရေးအသိပညာပေးလက်ကမ်းစာစောင်နှင့် ငှက်ပျောဖက်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေး လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများမှ ပူးပေါင်း၍ ဈေးရောင်းဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်းလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ငှက်ပျောဖက်များ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး၊ ပလတ်စတစ်အိတ်ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်းသိရသည်။

**(အပေါ်ပုံ) ဇော်ထက်(သရက်)**

**ကျေးရွာသစ်တော၊ ထင်းမျှောအိမ်တိုင်**
**လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့ ။**



## ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ဧက ၂၉၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

**ကျွန်းလှ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ဧက ၂၉၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ်ဆောင်းရာသီမှာ ဆီထွက်သီးနှံစိုက်ပျိုးဖို့ ၂၉၅၄၀ ဧက လျာထားတယ်။ တောင်သူတွေကို ဒေသရာသီဥတုနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးစတဲ့ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄ - ၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံအဖြစ် မြေပဲ ၁၃၈၉၆ ဧက၊ နေကြာ ၁၂၃၆ ဧက၊ နှမ်း ၁၄၀၃၃ ဧက၊ မုန်ညင်းစေ့ ၃၅၇ ဧက စုစုပေါင်း ၂၉၅၄၀ လျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

**(အပေါ်ပုံ)**

**(၄၈၀)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# ကျောက်ပန်းတောင်းမြို့နယ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေးပွဲတော်အကြို ကဗျာရွတ်၊ ပုံပြောနှင့် ကျပန်းစကား ပြောပြိုင်ပွဲများ ကျင်းပ



**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပမည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေးပွဲတော်အကြို ကဗျာရွတ်၊ ပုံပြောနှင့် ကျပန်းစကားပြော (မြို့နယ်အဆင့်) ပြိုင်ပွဲများကို အောက်တိုဘာ ၂၁ ရက် နံနက် ၉နာရီက ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ လူထုအခြေပြု ဗဟိုဌာန (Community Center) ခန်းမတွင် ကျင်းပပြုလုပ်သည်။

အဆိုပါ ပြိုင်ပွဲများကို ကျောက်ပန်းတောင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး၊ ကဗျာရွတ်ပြိုင်ပွဲကို မူလတန်းအဆင့်၊ ပုံပြောပြိုင်ပွဲများကို အလယ်တန်းအဆင့်နှင့် ကျပန်းစကားပြောပြိုင်ပွဲကို အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြခြင်း ဖြစ်သည်။ ပြိုင်ပွဲများမကျင်းပမီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ် အမှတ်ပေးစည်းမျဉ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး၊ ပြိုင်ပွဲကို အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒိုင်များအဖြစ် ကြီးကြပ်ဆောင်ရွက်ကြပြီး၊ ပြိုင်ပွဲဝင်များ၏ ဝတ်စားဆင်ယင်မှု၊ အသံလေယူလေသိမ်း၊ ဟန်ပန်အမူအရာ၊ အချက်အလက်ပြည့်စုံမှု၊ နိဂုံးချုပ်စကား၊ သတ်မှတ်အချိန်အတွင်း ပြီးစီးမှုတို့ကို အကဲဖြတ်အမှတ်ပေး ရွေးချယ်ခဲ့ကြပြီး၊ အကောင်းဆုံးယှဉ်ပြိုင်နိုင်သူများကို ခရိုင်အဆင့်ပြိုင်ပွဲများ၌ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ (ဝဲပုံ)

အဆိုပါ ပြိုင်ပွဲများသို့ ခေတ္တမြို့နယ်ပညာရေးမှူး ဒေါ်အေးအေးမော်နှင့် အကဲဖြတ်အမှတ်ပေးဒိုင်ဆရာမများ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများနှင့် ကြီးကြပ်သူဆရာ၊ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်နှင့် ဝန်ထမ်းများ စုစုပေါင်း ၉၃ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၄၅၆)

* - * - * - *



# စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမက(၇)၌ ကျင်းပခဲ့သည်။

ရေးဦးစွာ အ·မ·က(၇) ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရိုန်မြှင့်တင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကိုလည်း ဟောပြောခဲ့သည်။

ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်နန်းယန့်နှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖေါင်းတို့က စာကြည့်တိုက်နှင့် စာအုပ်စာပေ၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ အရွယ်မရောက်သေး သူကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြပြီး စာအုပ်ပြပွဲ၊ အသိပညာပေးနံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**နန်းပန်(ပြန်/ဆက်)**



# ကျောင်းပြင်ပ အလယ်တန်းပညာရေးကျောင်း ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်တက်လမ်းပေါ်ရှိ ဓေယျာသီရိ မိဘမဲ့ သီလရှင်ကျောင်းတွင် ဖွင့်လှစ်ထားသော NFME ကျောင်းပြင်ပ မူလတန်း၊ အလယ်တန်းပညာရေးကျောင်းတွင် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၁ ရက်၊ နံနက် ၉ နာရီက ကျင်းပပြုလုပ်သည်။ (အပေါ်ပုံ)

အဆိုပါ အာစရိယပူဇော်ပွဲသည် ဓေယျာသီရိ မိဘမဲ့စောင့်ရှောက်ရေး သီလရှင်ကျောင်း၏ ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် NFME ကျောင်းပြင်ပ အလယ်တန်းပညာရေးကျောင်း၏ ပထမအကြိမ် အာစရိယပူဇော်ပွဲတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အာစရိယပူဇော်ပွဲတွင် ရှေးဦးစွာ အရှင်သုဘောဂ(ဓမ္မာစရိယ) နှင့် သီလရှင်ဆရာကြီးများဖြစ်ကြသော ဒေါ်ထေရီ (ဓမ္မာစရိယ၊ ဝိနယဝိဒူ)၊ ဒေါ်ပဒ္မောတ (B.A သာသနဓဇဓမ္မာစရိယ)၊ ဒေါ်ပညာစာရီ (BA ဓမ္မာစရိယ)တို့က ဩဝါဒစကားများ ပြောကြားကြသည်။ ထို့နောက် NFPE ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်၊ NFME ကျောင်းပြင်ပ အလယ်တန်းပညာရေး မြို့နယ်ကြီးကြပ်ရေးမှူး ဦးစိုးဝင်း (စိုးဝင်းမိုလ်-အရာတော်)တို့က အာစရိပူဇော်ပွဲကျင်းပကြသော သီလရှင်ဆရာလေးအပါး ၁၂၀တို့ကို ကန်တော့ လက်ဆောင်အဖြစ် ဆုပေးစကားများနှင့် ဆုတောင်းမေတ္တာများ ပို့သပေးသွားကြသည်။

အခမ်းအနား အစီအစဉ်အရ ကန်တော့ကြသော သီလရှင်ဆရာလေးများက ကန်တော့ခံ ဆရာတော်ကြီး၊ သီလရှင်ဆရာကြီးများနှင့် ဆရာ၊ ဆရာမများကို ကန်တော့ပစ္စည်းများ ပေးအပ်ကာ ပူဇော်ကန်တော့သွားကြကြောင်း သိရသည်။ (၀၃၃)

# မိုးစပါးသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံအထွက်နှုန်း ကောင်းမွန်ရေး ဒေသခံတောင်သူများ ကြိုးပမ်းဆောင်ရွက်နေ

**ပွင့်ဖြူ အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးစပါးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရန်နှင့် ဒေသတွင်းဆန်စပါး စားနပ်ရိက္ခာဖူလုံစေရေးအတွက် မဲဇလီရေလွှဲဆည်ရေဖြင့် တစ်မြို့နယ်လုံး မိုးစပါးသီးနှံစိုက်ဧက ၆၉၉၉၉ ဧက စိုက်ပျိုးဆောင်ရွက်ထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရပြီး ယခုအခါ ဒေသခံတောင်သူများက မိုးစပါးစိုက်ခင်းများကို သီးနှံအထွက်နှုန်း ကောင်းမွန်စေရန်အတွက် ပေါင်းနုတ်ခြင်း၊ မြေဩဇာကျွေးခြင်း၊ မျိုးကွဲပယ်ခြင်းနှင့် ပိုးမွှားရောဂါမကျရောက်စေရန် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်နေကြကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ မိုးစပါးသီးနှံ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ရာတွင် ဒေသတွင်းရှိ တောင်သူများအား စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ တာဝန်ခံကွင်းဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်ပြီး မိုးစပါးသီးနှံအထွက်တိုးရေးလုပ်ဆောင်ရမည့် စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေဖြင့် ဆာဖိုးသာ၊ ရောမင်း၊ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ရောပဒေသာ၊ ပေါ်ဆန်းရင်၊ ပခန်းရွှေဝါ ၊ ချမ်းမြေ့မေ၊ ဆင်းသီဂီ စတဲ့ စပါးမျိုးများကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရကာ စိုက်ပျိုးရေအဆင်ပြေမှုကြောင့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ သီးနှံဝင်ငွေတိုးပွားစေဖို့အတွက် မဲဇလီရေလွှဲဆည်ရေနဲ့ အားထားစိုက်ပျိုးတဲ့ မိုးစပါး စိုက်ခင်းတွေဟာ စိုက်ပျိုးရေ လုံလောက်စွာရရှိတဲ့အတွက် အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ယခုဆိုရင် တောင်သူတွေက မိုးစပါးစိုက်ခင်းတွေကို သီးနှံအထွက်နှုန်း ကောင်းမွန်စေဖို့အတွက် ပေါင်းနုတ်ခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ပိုးမွှားရောဂါ မကျရောက်စေဖို့ ပိုးသတ်ဆေးဖျန်းခြင်း၊ မြေဩဇာကျွေးရခြင်း စတဲ့ မိုးစပါးအထွက်တိုးရေး လုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်နေကြတယ်။ ဒါ့အပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူတွေကို အနီးကပ်ကြီးကြပ်ပြီးတော့ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းစနစ်များကို ပံ့ပိုးကူညီပေးပါတယ်။ ကျွန်တော်တို့ဒေသဟာ စိုက်ပျိုးရေ အဆင်ပြေတဲ့အပြင် စိုက်ပျိုးလယ်မြေတွေကလည်း ကောင်းတာဖြစ်လို့ စိုက်ပျိုးရေးလုပ်ငန်းက နှစ်စဉ်အောင်မြင် ဖြစ်ထွန်းမှုရှိပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာလည်း မိုးစပါးသီးနှံကို အားထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် ရွာခိုင်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆည်ရေသောက်ဧရိယာအများဆုံးဖြစ်၍ နှစ်စဉ် ဆန်စပါးသီးနှံအများဆုံး စိုက်ပျိုးနိုင်သည့် မြို့နယ်တစ်ခုဖြစ်ကာ ယခုနှစ်မိုးစပါးသီးနှံစိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံး မိုးစပါးသီးနှံ ၆၉၉၄၄ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ မြေပြင်စိုက်ပျိုး ဧက ၆၉၉၉၉ ဧက စိုက်ပျိုးပြီးစီးခဲ့သဖြင့် သတ်မှတ်လျာထားဧက ပြည့်မီကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (အောက်ပုံ)

(၄၄၅)



# နယ်စပ်တောင်တန်းဒေသသာသနာပြုကျောင်း ၁၆၀၀ နီးပါးသို့ ကထိန်လှူဖွယ်များ ပေးပို့လှူဒါန်းမည်

**မန္တလေး အောက်တိုဘာ ၂၂**

နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသများတွင် သွားရောက်သာသနာပြုနေသော သံဃာတော်များ ကထိန်အာနိသင်ရရှိစေရန်အတွက် လာမည့်တန်ဆောင်မုန်းလပြည့်တွင် နယ်စပ်တောင်တန်းဒေသသာသနာပြုကျောင်း ၁၆၀၀ နီးပါးသို့ ကထိန်လှူဖွယ်များ ပေးပို့လှူဒါန်းမည်ဖြစ်သည်။

အဆိုပါ ကထိန်အလှူကို နယ်စပ်၊ တောင်တန်းသာသနာပြု ဗြဟ္မစိုရ် ဆရာတော်ကြီး ဘဒ္ဒန္တ တိက္ခ ဦးဆောင်သော နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်(မန္တလေး)၏ (၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်အဖြစ် လှူဒါန်းမည်ဖြစ်သည်။

(၁၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော်တွင် အများပြည်သူပါဝင်လှူဒါန်းနိုင်ရန် သီတင်းကျွတ်လပြည့်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၆၂လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြား တောင်စလင်းတိုက်ရှေ့တွင် အလှူခံမဏ္ဍပ်ဖွင့်လှစ်ကာ အလှူခံလျက်ရှိသည်။



သင်္ကန်းဒွိစုံ၊ သိုးမွေးဆွယ်တာ၊ ကော်ဇော၊ စောင်၊ ဆပ်ပြာမှုန့်ထုပ်၊ ဆပ်ပြာမွှေး၊ ဗလာစာအုပ်စသည့် လှူဖွယ်များပါသည့် ကထိန်ပဒေသာပင်တစ်ခုလျှင် ငွေကျပ် ၁၁၀၀၀၀ နှုန်းဖြစ်စေ၊ မိမိစွမ်းသလောက်ဖြစ်စေ၊ မိမိလှူဒါန်းလိုသော ပစ္စည်းဖြစ်စေ ပါဝင်လှူဒါန်းနိုင်ပြီး ၀၉-၄၄၂ ၀၇၄၄၆၆၊ ၀၉-၄၀၂၆၉၂၅၂၂၊ ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၇၅၁၅ ၁၆၂၀၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ခဲပုံ)

(၀၄၅)

# ရေနံချောင်းမြို့နယ် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရေနံချောင်း အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိန်ပန်းပင်ကျေးရွာအုပ်စု၊ ဇီးပင်ရိုးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် ဝန်ထမ်းများက ဇီးပင်ရိုးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လမ်းရေရှည်တည်တံ့အောင် ပျက်စီးမှုမရှိအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဇီးပင်ရိုးကျေးရွာ၌ အရှည် ၁၀၀၅ ပေ၊ အကျယ် ၃ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းနှစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ် ၂၀ ဒသမ ၆၅သိန်း၊ စုစုပေါင်း ငွေကျပ် ၁၇၀ ဒသမ ၆၅သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

နော်လူး



# ချမ်းအေးသာစံမြို့နယ်တွင် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနိုင်သည့် လူစည်ကားရာနေရာများ၊ နေအိမ်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဈေးများ၊ စုစုပေါင်း ၁၅ နေရာတွင် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ယနေ့ နံနက် ၉ နာရီမှ စတင်ဆောင်ရွက်သည်။

ထို့သို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသီတာဝင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားနိုင်သည့် ရေဆိုးမြောင်းများ၊ ရေတွင်းရေကန်များ၊ သောက်သုံးရေများ၊ မီးဖိုချောင်များ၊ အိမ်သာများကို ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်းခြင်း၊ သုံးရေများအား ကလိုရင်းဆေးခပ်ခြင်းနှင့်အတူ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကိုပါ ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာနေရာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးအေးလင်းထွန်း၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့်အဖွဲ့ဝင်များ လာရောက်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး သက်ဆိုင်ရာနယ်မြေအလိုက် လုံခြုံရေးတပ်ဖွဲ့ဝင်များမှလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မြို့နယ်အတွင်း ကျန်ရှိသည့်နေရာများတွင်လည်း ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၇၂)

၀-၀-၀-၀-၀





# ကျောက်ဆည်မြို့နယ်တွင် သံပရိုစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိ

**ကျောက်ဆည် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ဆန်စပါးကို အဓိကထား စိုက်ပျိုးကြသော်လည်း ကိုင်း၊ ကျွန်းမြေများတွင် ဟင်းသီးဟင်းရွက်နှင့် သီးနှံမျိုးစုံစိုက်ပျိုးကြရာ ယခုအခါ ပြည်ပန်းကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာတွင် သံပရိုစိုက်ပျိုးသူများ ဈေးကောင်းရခြင်း၊ ကိုင်းကူးမျိုးရောင်းချရခြင်းများကြောင့် အဆင်ပြေလျက်ရှိကြောင်း သံပရိုခြံ စိုက်ပျိုးသူတစ်ဦးထံမှ သိရှိရသည်။

သံပရိုသီးနှံစိုက်ပျိုးခြင်းများနှင့်ပတ်သတ်၍ မိသားစုတစ်နိုင်တစ်ပိုင် သံပရိုပင် အပင်နှစ်ရာကို တစ်ပင် ငွေကျပ် ၅၀၀ နဲ့ ဝယ်ပြီး စိုက်ပျိုးထားရာ အပင်သက်တမ်းသုံးနှစ်သားရောက်တဲ့အခါ စတင်ခူးခွတ်ရောင်းချရကြောင်း စတင်ခူးဆွတ်ချိန်တွင် အလုံးရေ ၇၀၀ လောက် ခူးဆွတ်ရောင်းချရကြောင်း အပင်စိုက်ပျိုးခြင်းအနေဖြင့် အပင်များကြီးလာသည့်အခါ လေဝင်လေထွက်ကောင်းပြီး အသီးများလှပသန့်မာဖို့အတွက် တစ်ပင်နဲ့တစ်ပင် ၁၈ ပေခြားပြီး အတန်းလိုက် စိုက်ပျိုးကြောင်း၊ အပင်ငယ်တဲ့အချိန်တွင် ပေါင်းမြက်များရှင်းပေးရပြီး ရေကြိုက်နှစ်သက်သည့်အတွက် အစိုဓာတ်မပြတ်ရေသွင်းပေးရကာ လိုအပ်တဲ့အခါ မြေဩဇာကျွေးပေးခြင်း၊ ကိုင်းအခြောက်များ ရှင်းပေးခြင်းများ ပြုလုပ်ပေးရကြောင်း သံပရိုစိုက်ပျိုးသည့် ဦးထွန်းထွန်းက ပြောသည်။

ကျောက်ဆည်မြို့နယ်တွင် သံပရိုပင်များကို ကိုင်းကျွန်းမြေများတွင် အများဆုံးစိုက်ပျိုးကြပြီး နေ့စဉ်ဝင်ငွေရရှိရေး ဈေးကွက်အပေါ်မူတည်၍ ခြံပိုင်ရှင်များက မိမိတို့စိုက်ပျိုးထားသောအပင်များ၏ အသီးသီးမှုအပေါ်မူတည်ကာ ခူးဆွတ်ရောင်းချလျက်ရှိကြောင်းနှင့် အပိုဝင်ငွေရရှိရေး ကိုင်းကူးမျိုးများ ပြုလုပ်၍ ပျိုးပင်များ ပြုလုပ်ရောင်းချရသည့်အတွက် သံပရိုစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

(အပေါ်ပုံ)

(၄၈၅)

# (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံဖွင့်ပွဲ အခမ်းအနားကျင်းပ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်ဖွင့်လှစ်




**နေပြည်တော် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၄၂) ကြိမ်မြောက် အာဆီယံ ရဲအဖွဲ့ညီလာခံ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-1) ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဂုဏ်ထူးဆောင် ဧည့်သည်တော်အဖြစ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်ဖွင့်လှစ်သည်။

**တက်ရောက်**

(၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ အထူးဧည့်သည်တော် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ (INTERPOL) ဥက္ကဋ္ဌ Mr. Ahmed Naser Al-Raisi ၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲချုပ်များ၊ အဆင့်မြင့်ရဲအရာရှိကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Dialogue Partners) ဖြစ်သည့် ရုရှား၊ သြစတြေးလျ၊ တရုတ်၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ လေ့လာဖက်နိုင်ငံနှင့် အဖွဲ့အစည်းများ (Observers) ဖြစ်သည့် တီမောလက်စ်တေ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) တို့မှကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများမှ သံတမန်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲမတိုင်မီ အထူးဧည့်သည်တော်အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ (INTERPOL) ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ဂုဏ်ထူးဆောင် ဧည့်သည်တော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်အား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ရှိ အခန်းအမှတ် (၂၀၀၄) ၌ ဂါရဝပြု တွေ့ဆုံကြသည်။

ညီလာခံ ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီ မိနစ်၂၀ မှ ၉ နာရီ ၃၅ မိနစ်အထိ ကျင်းပရာ အလံကိုင်အဖွဲ့ ဝင်ရောက်ခြင်း၊ မြန်မာ့ယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေခြင်း၊ မြန်မာနိုင်ငံတော်သီချင်းနှင့် အာဆီယံရဲအဖွဲ့ သီချင်းများ တီးမှုတ်ဂုဏ်ပြုခြင်း၊ တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်ရင်း ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များအတွက် ဆုတောင်းစကားပြောကြားခြင်းနှင့် အမှတ်ရသောအားဖြင့် တစ်မိနစ် ငြိမ်သက်ခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ အာဆီယံရဲအဖွဲ့ ထူထောင်ခဲ့သည့်နေ့ အထိမ်းအမှတ် အစီအစဉ်ဖွင့်လှစ်ပေးခြင်း၊ အာဆီယံရဲအဖွဲ့ ထူထောင်သည့်နေ့အထိမ်းအမှတ်အဖြစ် ၁၉၈၁ ခုနှစ်မှယနေ့အထိ အာဆီယံရဲအဖွဲ့၏ဆောင်ရွက်ချက်များကို ဗီဒီယိုပြသခြင်း၊ အထူးဧည့်သည်တော်က အမှာစကားပြောကြားခြင်း၊ ဂုဏ်ထူးဆောင်ဧည့်သည်တော်က ညီလာခံ အဖွင့်မိန့်ခွန်းပြောကြား၍ (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံကို တရားဝင်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းဓာတ်တင်ပုံရိုက်ကာ (**အပေါ်ပုံ**) ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ညီလာခံပထမနေ့အဖြစ် ယနေ့တွင် ပထမအကြိမ် စုံညီအစည်းအဝေး၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ ဆွေးနွေးမှုဖိုရမ်၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် ဆွေးနွေးဖက်နိုင်ငံ/ အဖွဲ့အစည်းများအကြား ဆွေးနွေးမှုဖိုရမ်တို့ကို ပြုလုပ်၍ ကော်မရှင် (အေ)၊ ကော်မရှင် (ဘီ) နှင့် ကော်မရှင် (စီ) အစည်းအဝေးများကိုတစ်ပြိုင်နက်တည်းကျင်းပပြုလုပ်သည်။

ကော်မရှင် (အေ)နှင့် ကော်မရှင် (ဘီ) အစည်းအဝေးများတွင် နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံဖြတ်ကျော် မှုခင်းနယ်ပယ်များဖြစ်သော မူးယစ်ဆေးဝါးမှောင်ခိုမှု (Illicit Drug Trafficking)၊ အကြမ်းဖက်မှု (Terrorism)၊ လက်နက်မှောင်ခိုမှု (Arms Smuggling)၊ လူကုန်ကူးမှု (Trafficking in Person)၊ တောရိုင်းတိရစ္ဆာန်ဆိုင်ရာပြစ်မှု (Wildlife Crime)၊ ပင်လယ် ရေကြောင်းဆိုင်ရာ လိမ်လည်မှု (Maritime Fraud)၊ စီးပွားရေးဆိုင်ရာမှုခင်း၊ ဘဏ်မှုခင်းများ၊ ခရက်ဒစ်ကတ်လိမ်လည်မှု (Commercial Crimes၊ Bank Offences and Credit Card Fraud)၊ ဆိုက်ဘာရာဇဝတ်မှု (Cybercrime)၊ ခရီးသွားစာရွက်စာတမ်း အတုပြုလုပ်မှု (Fraudulent Travel Document) နှင့် နိုင်ငံဖြတ်ကျော်လိမ်လည်မှု (Transnational Fraud)တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ကော်မရှင် (စီ) အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအကြား အီလက်ထရောနစ် Database စနစ် (e-ADS) အသုံးပြုရေး၊ မှုခင်းဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေး၊ အာဆီယံရဲအဖွဲ့များအကြား အပြန်အလှန် လေ့ကျင့်သင်တန်းပေးရေးနှင့် အာဆီယံရဲအဖွဲ့ မှုခင်းသိပ္ပံကွန်ရက်တည်ထောင်ရေးစသည့် အကြောင်းအရာလေးရပ်ကိုဆွေးနွေးကြမည်ဖြစ်ပြီး ကောင်မရှင်များအလိုက် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကိုစုစည်း၍ ပူးတွဲကြေညာချက် (မူကြမ်း) ပြုစုကြမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဧည့်သည်တော်များ၏ ဇနီးသည်များသည် နေပြည်တော်ရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား ဖူးမြော်ခြင်းနှင့် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အာဆီယံရဲအဖွဲ့ဝင်**
**နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့**

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် လာအိုနိုင်ငံနှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာပြီးနောက် တစ်နှစ်အကြာ ၁၉၉၈ ခုနှစ်တွင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ကြောင်း၊ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးနောက် နှစ်နှစ်အကြာ ၂၀၀၀ ပြည့်နှစ်တွင် အကြိမ် (၂၀) မြောက် အာဆီယံရဲအဖွဲ့ ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ရန်ကုန်မြို့ရှိ ကန်သည်ကြီးများ ဟိုတယ် (ယခု ရန်ကုန်ရှန်ဂရီလာ ဟိုတယ်)၌ ပထမဆုံးအကြိမ် လက်ခံကျင်းပပေးခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် (၃၂) ကြိမ်မြောက် အာဆီယံ ရဲအဖွဲ့ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် နေပြည်တော် သင်္ဂဟဟိုတယ်၌ ဒုတိယအကြိမ် လက်ခံကျင်းပပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် (၄၂) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံကို တတိယအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းဖြစ်ပြီး ညီလာခံ၏ဆောင်ပုဒ်မှာ "နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ဖို့ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ဆောင်ရွက်မှု ခိုင်မာအားကောင်းရေး ဆောင်ရွက်စို့ (Strengthening Regional and Global Partnerships to Combat Transnational Crime)" ဖြစ်ကြောင်း၊ အာဆီယံရဲအဖွဲ့ ထူထောင်ခဲ့သည့်နေ့ အထိမ်းအမှတ်အစီအစဉ်သည် ၁၉၈၁ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် အာဆီယံရဲအဖွဲ့ စတင်ထူထောင်ခဲ့ပြီးနောက် ၄၃ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပထမဆုံးအကြိမ် လက်ခံကျင်းပပေးနိုင်ခဲ့သည့် ညီလာခံအစီအစဉ်တစ်ရပ်ဖြစ်ကြောင်း သိရှိရသည်။ (၄၂) ကြိမ်မြောက်အာဆီယံရဲအဖွဲ့ ညီလာခံကို အောက်တိုဘာ ၂၃ ရက် နှင့် ၂၄ ရက်တို့တွင် ဆက်လက်ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

**နေပြည်တော် အောက်တိုဘာ ၂၂**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေပါသည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံပိုင်းကြီးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၂၁၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ အနောက်ဘက် ဘင်္ဂလားပြည်နယ်ဆာဂါကျွန်း၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်း ခန့်ဖြစ်သည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၂၃ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင်

စာမျက်နှာ ၁၀ သို့

